# trsQ;orD;zGHUwdk;wufa&;qdkif&m

# trsKd;om;tqifhrSm;AsL[mpDrHudef;(2013-2022)

jrefrmEdkifiHtrsKd;orD;a&;&maumfwD

# National Strategic Plan for the Advancement of Women (2013-2022)

Myanmar National Committee for Wonmen's Affairs



# Preface

Her Excellency Dr Daw Myat Myat Ohn Khin
Union Minister, Ministry of Social Welfare, Relief and Resettlement
Chair, Myanmar National Committee for Women's Affairs
Government of the Republic of the Union of Myanmar

I am honoured to introduce Myanmar's *National Strategic Plan for the Advancement of Women 2013 – 2022*. It has been developed through the collaboration with Ministries, agencies and organizations concerned. This National Strategic Plan is a Government commitment to promoting and protecting the human rights of women throughout our country. It marks a historic and essential step towards creating a more incl usive society - one in which both women and men play equal and meaningful roles and where women can reach their full potential. There are many positive aspects to being a woman in Myanmar, yet we must also acknowledge that we can do more.

Like all countries around the world, Myanmar has a responsibility to ensure that women's rights are guaranteed. This includes women's equal access to resources, opportunities and services, and their representation and participation in decision and policy-making at all levels and in all spheres of society. This Plan will make a significant contribution to ensuring that we all work to create an environment that nurtures the substantive equality between women and men.

This comprehensive ten year National Strategic Plan targets the key areas that affect women's lives, and indicates practical ways to address the issues that Myanmar women are experiencing. This Plan is based on the 12 Priority Areas of the Beijing Platform for Action and the principles of the Convention on the Elimination of All Forms of Discrimination against Women, to which Myanmar became a signatory in 1997. It is an ambitious yet achievable Plan that will require the political will and commitment of all Ministries, national non-government organisations and Myanmar's development partners, to resource and implement the Plan. Its implementation will be as strong and successful as the partnerships that are built around it – and we all have a role to play if women in Myanmar are to be empowered and able to fully enjoy their rights.



## အမှာစကား

ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်
ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃–၂၀၂၂) ကို မိတ်ဆက်တင်ပြခွင့်ရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။ ဤစီမံကိန်းအား သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အတူရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ ဤအမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းသည် တစ်နိုင်ငံလုံးမှ အမျိုးသမီးထုတို့၏ လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ကတိကဝတ်ပြယုဂ်တစ်ခုလည်း ဖြစ်ပါသည်။ အမျိုးသမီးများအနေဖြင့် ၎င်းတို့အတွက် ဖြစ်နိုင်ခြေအလားအလာရှိသမျှကို အပြည့်အဝရရှိနိုင်ရန်နှင့် အမျိုးသားရော အမျိုးသမီးများပါ အခန်းကဏ္ဍ အသီးသီးတွင် အဓိပ္ပာယ်ပြည့်ဝစွာ တန်းတူညီမျှပါဝင်နေသည့် ပို၍ပြည့်စုံကောင်းမွန်သော လူ့ဘောင် အဖွဲ့အစည်းတစ်ရပ်ကို ဖန်တီးနိုင်ရန် အရေးပါလှသောခြေလှမ်းများအဖြစ် သမိုင်းတွင် မှတ်ကျောက်တင်ရ မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးတစ်ဦးဖြစ်ခွင့်ရသည်မှာ အပြုသဘောဆောင်သည့် အားသာချက်များစွာ ရှိပါသည်။ သို့သော်လည်း ယခုထက် ပိုမိုကောင်းမွန်သည့် အနေအထားဖြစ်အောင် ဆက်လက်လုပ်ဆောင်သွားရန် ကျန်ရှိနေသည်များကိုလည်း အသိအမှတ်ပြု လုပ်ဆောင်သွားဖို့လိုအပ်မည် ဖြစ်ပါသည်။

အမျိုးသမီးများအတွက် အာမခံချက်ရှိသည့် တန်းတူအခွင့်အရေးများ သေချာစွာရရှိရန် ဆောင်ရွက်ဖို့ အခြားကမ္ဘာ့နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံတွင်လည်း တာဝန်ရှိပါသည်။ ထိုအထဲတွင် အရင်းအမြစ်များ၊ အခွင့်အလမ်းများနှင့် ဝန်ဆောင်မှုများကို အမျိုးသမီးများ တန်းတူလက်လှမ်းမီရရှိရန်၊ မူဝါဒနှင့် ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် အဆင့်အားလုံးနှင့် လူ့အဖွဲ့အစည်းအတွင်းရှိ နေရာအားလုံးတွင် အမျိုးသမီးများ ကိုယ်စားပြု ပါဝင်နိုင်မှုရရှိရန်တို့ ပါဝင်ပါသည်။ ဤစီမံကိန်းသည် အမျိုးသားများနှင့် အမျိုးသမီးများကြား အကြွင်းမဲ့ တန်းတူညီမျှမှုရှိရေးအတွက် အားပေးလှုံ့ဆော်ပေးမည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ဖို့ရာ ကျွန်ုပ်တို့အားလုံး၏ လုပ်ဆောင်မှုများကို သိသာထင်ရှား သေချာစေမည်ဖြစ်ပါသည်။

ဤကျယ်ပြန့်သော (၁၀) နှစ်စာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းသည် မြန်မာအမျိုးသမီးများ တွေ့ကြုံနေရသည့် အခက်အခဲများကို လက်တွေ့ကျကျဖြေရှင်းနိုင်ရန် နည်းလမ်းများကို ညွှန်းဆိုထားပြီး အမျိုး သမီးများ၏ဘဝကို တိုက်ရိုက်သက်ရောက်မှုရှိသော နယ်ပယ်များကို ဦးစားပေးဖော်ပြထားပါသည်။ ဤစီမံကိန်းကို ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးထားသော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (စီဒေါ) မှ အခြေခံသဘောတရားများနှင့် ဘေဂျင်းလုပ်ငန်း စီမံချက်များတွင် ပါဝင်သည့် အဓိကဦးစားပေးနယ်ပယ် (၁၂) ရပ်အပေါ် အခြေခံ၍ရေးဆွဲထားပါသည်။ ရည်မှန်းချက်ကြီးလွန်းသယောင် ထင်ရသော်လည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်လက်တွဲဖော်များ၊ ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်

It is my aspiration that this *National Strategic Plan for the Advancement of Women* will contribute to transforming our society so that all women, men, girls and boys live as equal and valued members.

(Signature)

*"...the full and complete development of a country, the welfare of the world and the cause of peace require the maximum participation of women on equal terms with men in all fields"*

Preamble of the Convention on the Eliminationof All Forms of Discrimination against Women, 1979

သက်ဆိုင်ရာ ဝန်ကြီးဌာနအားလုံးတို့မှ နိုင်ငံရေးအသိရှိရှိဖြင့် ဤစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်နိုင်သည့်အရင်းအမြစ်များကို ဝိုင်းဝန်းချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီ အကောင်အထည်ဖော်ခြင်းတို့ဖြင့် ကတိကဝတ်ပြုပါလျှင် အောင်မြင်နိုင်သည့် စီမံကိန်းဖြစ်ကြောင်း ယုံကြည်မိပါသည်။ ဤစီမံကိန်းအား ပူးပေါင်းလုပ်ဆောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံရှိအမျိုးသမီးများကို လုပ်ကိုင်နိုင်စွမ်းများ တိုးမြှင့်ရရှိစေရန်နှင့် ၎င်းတို့၏အခွင့်အရေးများကို အပြည့်အဝခံစားရရှိစေရန် ကျွန်ုပ်တို့အားလုံးကိုယ်စီ အခန်းကဏ္ဍအသီးသီးမှ စွမ်းအားပြည့်အောင်မြင်စွာ ပါဝင်ပံ့ပိုးပေးနေပါသည်ဆိုသည့် သဘောသက်ရောက်မည်ဖြစ်ပါသည်။

ဤအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းသည် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းကို အမျိုးသမီး၊ အမျိုးသား၊ အမျိုးသမီးငယ်ရွယ်များအားလုံးတို့အား တန်ဖိုးရှိသည့် တန်းတူ အခွင့်အရေးပေးသော လူ့အဖွဲ့အစည်းအဖြစ်သို့ ပြောင်းလဲလုပ်ဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

(လက်မှတ်)

"...နိုင်ငံတစ်နိုင်ငံ၏ ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာကြီးတစ်ခုလုံး လူမှုဖူလုံရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်ပေးသည့်အကြောင်းတရားတို့ကို ရရှိရန်အတွက် နယ်ပယ်အားလုံး၌ အမျိုးသားများနှင့် တန်းတူ အမျိုးသမီးများ၏ပါဝင်မှုကို တိုးမြှင့်နိုင်သလောက်တိုးမြှင့်ပေးဖို့ လိုအပ်ပါသည်"

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ်၊

၁၉၇၉ – ၁၉၇၉ ခုနှစ်၏ နိဒါန်း

## Contents

**Introduction** 4

**Background History** 4

**Objectives** 5

**Key Priority Areas** 5

***Women and Livelihoods*** 5

***Women, Education and Training*** 7

***Women and Health*** 9

***Violence Against Women*** 12

***Women and Emergencies*** 15

***Women and the Economy*** 17

***Women and Decision-Making*** 19

***Institutional Mechanisms for the Advancement of Women*** 22

***Women and Human Rights*** 23

***Women and the Media*** 26

***Women and the Environment*** 28

***The Girl Child*** 30

**Timeframe** 32

**Resources** 32

**Funds** 32

**Management Committee** 32

**Implementation** 33

**Monitoring, Evaluation and Reporting** 34

**Conclusion** 34

**မာတိကာ**

**နိဒါန်း**


၄

နောက်ခံအကြောင်းအရာ ၄

ရည်ရွယ်ချက်များ ၅

အဓိကလုပ်ငန်းနယ်ပယ်များ ၅

- အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု ၅
- အမျိုးသမီးများနှင့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး ၇
- အမျိုးသမီးများနှင့် ကျန်းမာရေး ၉
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ၁၂
- အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ ၁၅
- အမျိုးသမီးများနှင့် စီးပွားရေး ၁၇
- အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး ၁၉
- အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ ၂၂
- အမျိုးသမီးများနှင့် လူ့အခွင့်အရေး ၂၃
- အမျိုးသမီးများနှင့် မီဒီယာ ၂၆
- အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင် ၂၈
- အမျိုးသမီးငယ်ရွယ်များ ၃၀

စီမံချက်ကာလ ၃၂

အရင်းအမြစ်များ ၃၂

ဘဏ္ဍာငွေ (ဘတ်ဂျက်) ၃၂

စီမံခန့်ခွဲရေးကော်မတီ ၃၂

အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၃၃

စောင့်ကြပ်ကြည့်ရှုခြင်း။ အကဲဖြတ်သုံးသပ်ခြင်းနှင့် အစီရင်ခံစာတင်ပြခြင်း ၃၄

နိဂုံး

၃၄

## Introduction

1. The Ministry of Social Welfare, Relief and Resettlement of the Government of the Republic of the Union of Myanmar, through the Department of Social Welfare, carries out social welfare services through preventative, protective and rehabilitative measures, with special attention to children, youth, women, persons with disabilities, and elderly persons. The Department of Social Welfare provides welfare services to vulnerable groups on the basis of social integration strategies.

## Background History

2. After participation at the Fourth World Conference on Women (Beijing, 1995), the Ministry of Social Welfare, Relief and Resettlement established the Myanmar National Committee for Women Affairs (MNCWA) in 1996 to enhance the advancement of women, and was re-established in 2012 according to the policies of the new Government.

3. Myanmar is a signatory to the Convention on the Elimination of All Forms of Discrimination against Women (CEDAW) (1997), and is committed to international policy initiatives to improve the situation of women, including the Millennium Declaration, the Beijing Declaration and Platform for Action (BPfA), and the International Conference on Population and Development (ICPD). The Association of South East Asia Nations (ASEAN) has established the ASEAN Commission on Protection and Promotion of the Rights of Women and Children (ACWC), and the ASEAN Committee on Women (ACW), of which Myanmar is a member. Myanmar, as an active member of both Committees, has drafted this National Strategic Plan for the Advancement of Women based on the Constitution 2008, CEDAW and the 12 Priority Areas of the Beijing Platform for Action.

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များချမှတ်၍ လူမှုဝန်ထမ်းလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ထိခိုက်လွယ်သောအုပ်စုများကို လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ပေါင်းစည်းခြင်းနည်းဗျူဟာများကို အသုံးပြုကာ ဆောင်ရွက်လျက်ရှိပါသည်။

**နောက်ခံအကြောင်းအရာ**

၂။ စတုတ္ထအကြိမ် အမျိုးသမီးရေးရာ ကမ္ဘာ့ညီလာခံ (ဘေဂျင်း ၁၉၉၅) ကို တက်ရောက်ပြီးနောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို တက်ကြွစွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (Myanmar National Committee for Women's Affairs - MNCWA) ) ကို ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး လက်ရှိကာလ နိုင်ငံတော်၏ မူဝါဒများ နှင့်အညီ အဆိုပါကော်မတီအား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် အသစ် ပြန်လည်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးကုလသမဂ္ဂသဘောတူစာချုပ် (Convention on Elimination of all forms of Discrimination Against Women - CEDAW)) ကို ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ပြင် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ (Millennium Development Goals - MDGs)၊ ဘေဂျင်းလုပ်ငန်းစီမံချက်များ (Beijing Platform For Action - BPFA) နှင့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (International Conference on Population and Development -ICDP) အပါအဝင် အမျိုးသမီးများဘဝတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစဉ်မူဝါဒများကို အကောင်အထည်ဖော်ရာတွင်လည်း တက်ကြွစွာဆောင်ရွက်လျက် ရှိပါသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သည် အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ် အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင် (ASEAN Commission on Protection and Promotion of the Rights of Women and Childrens - ACWC) နှင့် အာဆီယံအမျိုးသမီးရေးရာကော်မတီ (ASEAN Committee on Women - ACW) တို့ကို ဖွဲ့စည်းတည်ထောင်ထားပါသည်။ အဆိုပါ ကော်မတီနှစ်ရပ်၏ တက်ကြွသောအဖွဲ့ဝင် ဖြစ်သည်နှင့်အညီ မြန်မာအမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ဤအမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ CEDAW၊ ဘေဂျင်းလုပ်ငန်း စီမံချက်များကိုအခြေခံ၍ အဓိကနယ်ပယ် (၁၂) ရပ်ဖြင့် ရေးဆွဲဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

4. This National Strategic Plan for the Advancement of Women (NSPAW) will provide support to improve the situation of women and to fully enjoy their rights in accordance with the features of the Constitution of Republic of the Union of Myanmar (2008).

**Objectives**

5. All women in Myanmar are empowered and able to fully enjoy their rights with the support of the Government of the Republic of the Union of Myanmar. Enabling systems, structures and practices are created for the advancement of women, gender equality, and the realization of women's rights.

**Priority Areas**

6. The National Strategic Plan for the Advancement of Women (2013-2022) is based on the 12 Priority Areas of the Beijing Platform for Action and CEDAW.

**Women and Livelihoods**

7. The key objective is to develop enabling systems, structures and practices that improve women's livelihoods and reduce poverty.

    a. Research and Surveys

        1. Women's participation in livelihoods in both the formal and informal sectors.
        2. Analysis of the current situation of women's equal inclusion in land and agrarian reform.
        3. Need for women's livelihoods and women's livelihood opportunities.

၄။ ဤအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပါပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီ၍ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများ အပြည့်အဝခံစားရရှိရေးအတွက် များစွာ အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

**ရည်ရွယ်ချက်များ**

၅။ မြန်မာနိုင်ငံရှိ အမျိုးသမီးအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် စွမ်းဆောင်ရည်မြင့်မားလာပြီး၊ ၎င်းတို့၏ အခွင့်အရေးရပိုင်ခွင့်များကို အပြည့်အဝခံစားရရှိနိုင်စေရန်နှင့် အမျိုးသမီး တို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အသိအမှတ်ပြုနားလည်လက်ခံနိုင်စေမည့်စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများအား အကောင်အထည် ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပါသည်။

**အဓိကလုပ်ငန်းနယ်ပယ်များ**

၆။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃–၂၀၂၂) ကို CEDAWနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်များအား အခြေခံ၍ အဓိကလုပ်ငန်းနယ်ပယ် (၁၂) ရပ်ဖြင့် ရေးဆွဲ ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

**အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု**

၇။ အဓိကဦးတည်ချက်မှာ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ တိုးတက်စေမည့် စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းလာပြီး ဆင်းရဲနွမ်းပါးမှုကိုလျော့ကျစေရန် အဓိကဦးတည်ပါသည်။

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ကဏ္ဍနှစ်ခုစလုံးတွင် အမျိုးသမီးများပါဝင်မှု အခြေအနေ။

(၂) မြေယာနှင့်စိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် တန်းတူအခွင့်အရေးရရှိရန် လုပ်ဆောင်နေမှုအခြေအနေ။

(၃) အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ (သို့မဟုတ်) လိုအပ်ချက်များ။

(၄) အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာကိစ္စရပ်များနှင့်ဆိုင်သော အစိုးရဌာနများ၏ နည်းပညာဆိုင်ရာ ရာထူးနှင့် ဆုံးဖြတ်ချက်ချနိုင်သောနေရာများ၌ အမျိုးသမီးများ ပါဝင်မှုအခြေအနေ။

4. Women's representation in technical positions and their participation in decision-making in Departments concerned with women's livelihoods.

5. Women's participation in livelihoods, including the participation of women-led households and women with disabilities.

   Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

b. Awareness Raising

   1. Implement awareness raising activities for male and female staff in designated focal Ministries and with duty bearers, at national, regional and local levels, responsible for the advancement of women's livelihoods (including CEDAW, the Beijing Platform for Action, and the Millennium Development Goals).

   2. To increase the capacity of women in urban and rural areas to implement community-based initiatives by collaborating with women's organizations.

   3. To provide women with access to information about livelihoods.

c. Implementation

   1. Practical initiatives supported by designated focal Ministries that focus on social protection mechanisms for women, new livelihoods programmes for women living in poverty, and equal treatment in land and agrarian reforms.

   2. Increase in the number of women in decision-making positions of institutions, Departments and NGOs concerning livelihoods.

   3. Establish information centres where women, including women with disabilities, can have access to finding work and information.

(၅) အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနှင့် မသန်စွမ်းအမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာကဏ္ဍများတွင် ပါဝင်နိုင်မှုအခြေအနေ။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန် လိုအပ်သည်။)

(ခ) အသိပညာပေးခြင်း

(၁) အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ယူထားသော ဝန်ကြီးဌာနများမှ ဗဟိုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်၊ ရပ်ကွက်/ ကျေးရွာအဆင့် အမျိုးသမီးနှင့် အမျိုးသားဝန်ထမ်းများကို ဃနီဗျူ၊ ဘေဂျင်းလုပ်ငန်း စီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များအား အသိပညာပေးမှု အစီအစဉ်များပြုလုပ် ဆောင်ရွက်ရန်။

(၂) အမျိုးသမီးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ မြို့ပြနှင့်ကျေးလက်နေ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားစေရန် အသိပညာပေးရန်နှင့် လူထုအခြေပြုလှုပ်ရှားမှုများကို ဆောင်ရွက်ရန်။

(၃) အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သတင်းအချက်အလက်များအား အမျိုးသမီးများ လက်လှမ်းမီရရှိရေး စီမံဆောင်ရွက်ရန်။

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) အမျိုးသမီးများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဆင်းရဲနွမ်းပါးသော အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စီမံကိန်းအသစ်များ၊ မြေယာ နှင့် စိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် တန်းတူအခွင့်အရေးရရှိရန် လုပ်ဆောင်ခြင်း။

(၂) အသက်မွေးဝမ်းကျောင်းမှုနှင့်သက်ဆိုင်သော အစိုးရ/အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အဆင့်များတွင် အမျိုးသမီးအရေအတွက် တိုးပွားလာစေရန် ဆောင်ရွက်ခြင်း။

(၃) မသန်စွမ်းအမျိုးသမီးများအပါအဝင် အမျိုးသမီးများအတွက် အလုပ်အကိုင်ရှာဖွေရေး (သို့မဟုတ်) သတင်းအချက်အလက်များ ဆွေးနွေးမေးမြန်းနိုင်သော ဝန်ဆောင်မှုဌာနများ တည်ထောင်ခြင်း။

(၄) မြို့ပြနှင့်ကျေးလက်ဒေသများမှ အမျိုးသမီးများအတွက် ဒေသအလိုက် ဈေးကွက်ဝင် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာပညာရပ်များကို အခမဲ့ (သို့မဟုတ်) အခပေးသင်ယူခွင့် ရရှိနိုင်ရေး ဆောင်ရွက်ခြင်း။

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

4. Free or paid access for women in urban or rural areas to vocational training and marketable livelihoods that are relevant to location.

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organizations.

2. Review, development and application of laws, policies and procedures for the advancement of women's livelihoods in accordance with CEDAW, the Beijing Platform for Action and the Millennium Development Goals.

3. Increase in the participation of women in developing and implementing these policies.

**Women, Education and Training**

8. The key objective is to strengthen systems, structures and practices for ensuring access to quality formal and non-formal education for women and girls.

a. Research and Surveys

1. Access to formal and non-formal education for women in urban and rural areas.

2. Real access to formal and non-formal education for women in spheres such as science, technology and industry, areas widely considered as only suitable for men.

3. The participation of women in senior decision-making, technical and professional positions in formal and non-formal education sectors including universities, colleges and Government Departments.

(၁) ရည်ညွှန်းပါလုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်း အရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

(၂) အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုနှင့်ပတ်သက်သည့် ဥပဒေ၊ မူဝါဒ၊ လုပ်ငန်း ဆောင်ရွက်နိုင်မှုများကို ဃနီဗျူ၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်တို့နှင့်အညီ ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲခြင်းနှင့် အကောင်ထည်ဖော်ဆောင်ရွက်ရန်။

(၃) ၎င်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင် လာနိုင်စေရေး ဆောင်ရွက်ရန်။

**အမျိုးသမီးများနှင့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး**

၈။ အရည်အသွေးပြည့်မီသော ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့ကို အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ ရရှိနိုင်စေသည့် စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်း လာစေရေးကို အဓိကဦးတည်ပါသည်။

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) မြို့ပြနှင့် ကျေးလက်နေ အမျိုးသမီးများ၏ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး လက်လှမ်းမီရရှိမှု အခြေအနေ။

(၂) အမျိုးသားများနှင့်သာသင့်တော်သည်ဟု ယူဆထားသောကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးများတွင် (သိပ္ပံ၊ နည်းပညာ၊ စက်မှုလုပ်ငန်းစသည်) အမျိုးသမီးများ အမှန်တကယ် လက်လှမ်းမီသင်ကြားခွင့်ရရှိသော အခြေအနေ။

(၃) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် အစိုးရဌာနများ၏ နည်းပညာဆိုင်ရာ ရာထူးနှင့် ဆုံးဖြတ်ချက်ချနိုင်သောနေရာများ၌ အမျိုးသမီးများပါဝင်မှု အခြေအနေ။

(၄) အမျိုးသမီးငယ်ရွယ်များအပါအဝင် အမျိုးသမီးများနှင့် အမျိုးသားများ၏ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ အခြေအနေ (စာတတ်မြောက် မှုနှုန်း၊ ကျောင်းဝင်ခွင့်မှတ်ပုံတင်နှုန်း၊ ကျောင်းပြီးဆုံးမှုနှုန်း၊ ကျောင်းထွက်မှုနှုန်း)။

(၅) အမျိုးသမီးများ ပညာသင်ကြားခွင့်ကို ဟန့်တားထားသော အဓိကအခက်အခဲများ။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန် လိုအပ်သည်။)

4. The rates of women, girls, boys and men in formal and non-formal education with regard to literacy, school enrolment, completion, retention and those who abandon education.

5. The main obstacles of access to education for women.

   Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

b. Awareness Raising

   1. Implement awareness raising activities for male and female staff in designated focal Ministries and with duty bearers, at national, regional and local levels, responsible for formal and non-formal education (including CEDAW, the Beijing Platform for Action, and the Millennium Development Goals).

   2. To raise the awareness of women in urban and rural areas on the benefits of education for women, and to implement community-based initiatives through collaborating with women organizations.

   3. To reduce and eliminate customs, superstitions and beliefs those are obstacles to the right of education for women.

c. Implementation

   1. Practical initiatives supported by designated focal Ministries that focus on the inclusion of human rights, sex and gender equality education in both formal and non-formal curricula.

   2. Provision of scholarships and the right to free education for women in both urban and rural areas.

   3. Practical trainings, vocational trainings and skills building support for women.

(ခ) အသိပညာပေးခြင်း

(၁) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကို အဓိကတာဝန်ယူထားသော ဝန်ကြီးဌာနများမှ ဗဟိုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအဆင့် အမျိုးသမီးနှင့် အမျိုးသားဝန်ထမ်းများကို ဃနီဗ္ဗျ၊ ဘေဂျင်းလုပ်ငန်းစီမံချက်၊ ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် အသိပညာပေးမှု အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(၂) အမျိုးသမီးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အမျိုးသမီးများ ပညာသင်ကြားခြင်း၏ အကျိုးကျေးဇူး များအား အသိပညာပေးဆွေးနွေးခြင်းနှင့် လူထုအခြေပြုလှုပ်ရှားမှုများကို မြို့ပြနှင့် ကျေးလက်ဒေသ များတွင် ဆောင်ရွက်ရန်။

(၃) အမျိုးသမီးများ ပညာသင်ကြားခွင့်ကို အဟန့်အတားဖြစ်စေသော ရိုးရာဓလေ့များ၊ အစွဲအလမ်းနှင့် ယုံကြည်မှုများ လျော့ပါးပပျောက်ရေး အသိပညာပေး ဆောင်ရွက်ရန်။

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပံ့ပိုးကူညီမှုဖြင့် လက်တွေ့ကျသောဦးတည်ဆောင်ရွက်ချက်များ ဖြစ်သည့် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး သင်ရိုးညွှန်းတမ်းများတွင် လူ့အခွင့်အရေး ဆိုင်ရာပညာရပ်များ၊ လိင်မှုဆိုင်ရာနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှုဆိုင်ရာ ပညာပေး အစီအစဉ်များ ပါဝင်လာစေရေး ဆောင်ရွက်ခြင်း။

(၂) မြို့ပြနှင့် ကျေးလက်ဒေသရှိ အမျိုးသမီးများအတွက် ပညာသင်ဆု (သို့မဟုတ်) ပညာသင်ကြေး ကင်းလွတ်ခွင့် အစီအစဉ်များထားရှိခြင်း။

(၃) အမျိုးသမီးများအတွက် လက်တွေ့အသုံးချနိုင်သည့် သင်တန်းများ၊ လုပ်ငန်းခွင်သင်တန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်း။

(၄) ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ အစိုးရဌာနများ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အဆင့်များတွင် အမျိုးသမီးအရေအတွက် တိုးပွားလာစေရန် ဆောင်ရွက်ခြင်း။

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

(၁) ရည်ညွှန်းပါလုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်း အရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

4. Increase in the number of women in decision-making positions in Government Departments related to education and training.

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organizations.

2. Implementation of policies on women's right to education not only in border areas but also in areas of Myanmar with difficult access to transport.

3. To develop and implement non-formal education activities in areas where formal education is inaccessible, especially for women.

4. To develop policies to promote the right to education for women with disabilities.

5. To develop policies that encourage the school environment to be safe and a place of dignity for women.

6. Review, development and application of laws, policies and procedures related to formal and non-formal education and training programs for women in accordance with CEDAW, the Beijing Platform for Action and the Millennium Development Goals.

7. Increase in the participation of women in the development and implementation of these policies.

**Women and Health**

9. The key objective is to strengthen laws, systems, structures and practices to protect, promote and fulfil women's and girls' right to quality and affordable health care, including sexual and reproductive health.

(၂) နယ်စပ်ဒေသများသာမက နိုင်ငံအတွင်းသွားလာရေးခက်ခဲသော မည်သည့်ဒေသများတွင်မဆို အမျိုးသမီးများ ပညာသင်ကြားခွင့်ရရှိရေးဆိုင်ရာ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရန်။

(၃) ကျောင်းပညာရေး လက်လှမ်းမမီသောဒေသများတွင် အမျိုးသမီးများအား အထူးပြုသော ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရန်။

(၄) မသန်စွမ်းအမျိုးသမီးများ ပညာသင်ကြားခွင့် ပိုမိုတိုးမြှင့်ရရှိစေရေး မူဝါဒများ ချမှတ်ဆောင်ရွက်ရန်။

(၅) စာသင်ကျောင်းပတ်ဝန်းကျင်သည် အမျိုးသမီးများအတွက် လုံခြုံ၍ ဂုဏ်သိက္ခာရှိစွာ သွားလာနိုင်သောပတ်ဝန်းကျင်ဖြစ်ရေးအတွက် အားပေးသော မူဝါဒများ ချမှတ်ဆောင်ရွက်ရန်။

(၆) အမျိုးသမီးများ၏ ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ လုပ်ငန်းဆောင်ရွက်နိုင်မှုများကို ဃနီဗျူ၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်တို့နှင့်အညီ ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၇) ၎င်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင် လာနိုင်စေရေး ဆောင်ရွက်ရန်။

**အမျိုးသမီးများနှင့် ကျန်းမာရေး**

၉။ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးအပါအဝင် အရည်အသွေးပြည့်မီ၍ စရိတ်စကနည်းပါးသော ကျန်းမာရေး စောင့်ရှောက်မှုများရရှိစေရန် ဆောင်ရွက်ပေးနိုင်သည့် ဥပဒေများ၊ မူဝါဒများ၊ စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းလာစေခြင်းဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ အခွင့်အရေး နှင့် ရပိုင်ခွင့်များကို ကာကွယ်မြှင့်တင်နိုင်ရန် အဓိကဦးတည်ပါသည်။

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) အခြေခံကျန်းမာရေး၊ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုတို့အား အမျိုးသမီးများ လက်လှမ်းမီရရှိမှုနှင့် အသုံးပြုမှုအခြေအနေ။

(၂) လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးအပါအဝင် မိသားစုစီမံကိန်း ချမှတ်ခြင်းတွင် အမျိုးသမီးများ ပါဝင်ဆုံးဖြတ်နိုင်မှု အခြေအနေ။

a. Research and Surveys

1. Women's access to and utilization of basic health, sexual and reproductive health care.

2. Women's participation in decision-making for sexual and reproductive health, including family planning.

3. Women's role in decision-making for HIV prevention, care and treatment, and women's access to and utilization of HIV prevention, care and treatment services.

4. Barriers to women's access and use of basic health, sexual and reproductive health care.

5. Women's participation in senior, technical and professional positions and decision-making within Government Departments related to health care.

   Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

b. Awareness Raising

1. Implement awareness raising activities for male and female staff in designated focal Ministries and with duty bearers, at national, regional and local levels, responsible for health care (including CEDAW, the Beijing Platform for Action, the Millennium Development Goals)

2. To raise awareness of not only women but also men and teenagers on basic health, sexual and reproductive health, HIV and sexually transmitted infections, treatment, care and support, and to implement community-based initiatives by collaborating with women's organizations.

3. To reduce and eliminate customs, superstitions and beliefs that are obstacles to women's access to, and use of basic health, sexual and reproductive health care.

(၃) HIV/ AIDS ရောဂါကာကွယ်ရေးနှင့် ကုသရေးတွင် အမျိုးသမီးများ ပါဝင်ဆုံးဖြတ်နိုင်မှု အခြေအနေနှင့် ကာကွယ်ကုသမှုများအား လက်လှမ်းမီရရှိမှုနှင့် အသုံးပြုမှုအခြေအနေ။

(၄) အခြေခံကျန်းမာရေး၊ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုများအား အမျိုးသမီးများ လက်လှမ်းမီရရှိမှုနှင့် အသုံးပြုမှုတို့ကို အဟန့်အတားဖြစ်စေသော အခက်အခဲများ။

(၅) ကျန်းမာရေးနှင့်ဆိုင်သော အစိုးရဌာနများ၏ နည်းပညာဆိုင်ရာ ရာထူးနှင့် ဆုံးဖြတ်ချက်ချနိုင်သော နေရာများ၌ အမျိုးသမီးများ ပါဝင်မှုအခြေအနေ။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန် လိုအပ်သည်။)

(ခ) အသိပညာပေးခြင်း

(၁) ကျန်းမာရေးကို အဓိကတာဝန်ယူထားသော ဝန်ကြီးဌာနမှ ဗဟိုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအဆင့် အမျိုးသမီးနှင့် အမျိုးသားဝန်ထမ်းများကို CEDAW၊ ဘေဂျင်းလုပ်ငန်းစီမံချက်၊ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက် အသိပညာပေးမှု အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(၂) အမျိုးသမီးများသာမက အမျိုးသားများနှင့် ဆယ်ကျော်သက်များပါ ပါဝင်သော အခြေခံ ကျန်းမာရေး၊ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေး၊ HIVနှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် စောင့်ရှောက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများနှင့် လူထုအခြေပြုလှုပ်ရှားမှုများကို ဆောင်ရွက်ရန်။

(၃) အခြေခံကျန်းမာရေး၊ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုများအား အမျိုးသမီးများ လက်လှမ်းမီရရှိမှုနှင့် အသုံးပြုမှုကို အဟန့်အတားဖြစ်စေသော ရိုးရာဓလေ့များ၊ အစွဲအလမ်းများနှင့် ယုံကြည်မှုများ လျော့ပါးပပျောက်ရေး ဆောင်ရွက်ရန်။

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပံ့ပိုးကူညီသည့် လက်တွေ့ကျသော ဦးတည်ဆောင်ရွက်ချက်များ။ ဥပမာ – အမျိုးသမီးများ၏ ကျန်းမာရေးပြဿနာများ၊ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အလေးထားသော ကျန်းမာရေးစီမံချက်များကို ဖော်ဆောင်ရန်နှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

c. Implementation

1. Practical initiatives supported by designated focal Ministries on the development and implementation of health programmes that focus on women's health problems, sexual and reproductive health and rights.

2. Data disaggregation by sex, ethnicity and location in health-related surveys, studies and health management information systems.

3. Increase in the number of women participating in decision-making in Government Departments related to health.

4. Rural area-oriented activities for basic health, sexual and reproductive health care, prevention, treatment, care and support of HIV/AIDS and sexually transmitted diseases.

5. Provision of free contraception for women living in poverty.

6. Adolescent sexual and reproductive health care services to prevent underage pregnancies and the transmission of sexually transmitted infections.

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organisations.

2. Implementation of policies on women's access to health care services, not only in border areas but also in areas of Myanmar with difficult access to transport.

(၂) ကျန်းမာရေးဆိုင်ရာစစ်တမ်းများ၊ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစနစ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များ ကောက်ယူရာတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ဒေသအလိုက် ခွဲခြားဖော်ပြခြင်း။

(၃) ကျန်းမာရေးနှင့်သက်ဆိုင်သော အစိုးရဌာနများ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အဆင့်များတွင် အမျိုးသမီးအရေအတွက် တိုးပွားလာစေရန် ဆောင်ရွက်ခြင်း။

(၄) ကျေးလက်ဒေသများအားဦးတည်သော အခြေခံကျန်းမာရေး၊ လိင်နှင့် မျိုးဆက်ပွား ကျန်းမာရေး၊ HIV နှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ ကာကွယ်စောင့်ရှောက်ကုသရေး လုပ်ငန်း များဆောင်ရွက်ခြင်း။

(၅) ဆင်းရဲနွမ်းပါးသော အမျိုးသမီးများအတွက် အခမဲ့ သားဆက်ခြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း။

(၆) အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ခြင်းနှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

(၁) ရည်ညွှန်းပါလုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်းအရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

(၂) နယ်စပ်ဒေသများသာမက နိုင်ငံတွင်းသွားလာရေးခက်ခဲသော မည်သည့်ဒေသများတွင်မဆို အမျိုးသမီးများ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာရရှိနိုင်ရန် မူဝါဒများချမှတ် အကောင် အထည်ဖော်ရန်။

(၃) အမျိုးသမီးများ၏ ကျန်းမာရေးဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ လုပ်ငန်းဆောင်ရွက်နိုင်မှုများကို ဃနီဗျူ၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်တို့နှင့်အညီ ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၄) ၎င်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင် လာနိုင်စေရေး ဆောင်ရွက်ရန်။

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှု**

၁၀။ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေးကို ရှေးရှုသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စနစ်များကို တိုးမြှင့်အားပေးဆောင်ရွက်သွားစေရေးနှင့် အကြမ်းဖက်ခံရသော အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးရေးကို အဓိကဦးတည် ပါသည်။

3. Review, development and application of the laws, policies and procedures related to women's health care, in accordance with CEDAW, the Beijing Platform for Action and the Millennium Development Goals.

4. Increase in the participation of women in the development and implementation of these policies.

**Violence Against Women**

10. The key objective is to develop and strengthen laws, systems, structures and practices to eliminate all forms of Violence Against Women and Girls and to respond to the needs of women and girls affected by violence.

    a. Research and Surveys

    1. All forms of violence against women and girls in urban and rural areas.

    2. Causes and consequences of violence.

    3. Social services for women affected by violence, legal protective measures, and the challenges faced by women accessing these services.

    4. Satisfaction levels with the responses duty bearers give to women and girls who report violence.

    Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

    b. Awareness Raising

    1. Implement awareness raising activities for male and female staff in designated focal Ministries and with duty bearers, at national, regional and local levels, responsible for the prevention and appropriate responses to all forms of violence against women and girls (including CEDAW, the Beijing Platform for Action, and the Millennium Development Goals)

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) မြို့ပြနှင့်ကျေးလက်ဒေသများတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံနေရမှု အခြေအနေ။

(၂) အကြမ်းဖက်မှုကို ဖြစ်ပွားစေသောအကြောင်းရင်းများနှင့် နောက်ဆက်တွဲ အခြေအနေ။

(၃) အကြမ်းဖက်ခံရမှုအတွက် လူမှုရေးဆိုင်ရာဝန်ဆောင်မှုများနှင့် ဥပဒေအရ ကာကွယ်ပေးရန် ဆောင်ရွက်ထားမှုများ၊ ၎င်းတို့အား လက်လှမ်းမီရရှိနိုင်မှု အခြေအနေနှင့် အဟန့်အတားများ။

(၄) အကြမ်းဖက်ခံရမှုကို တိုင်တန်းကြသော အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအတွက် တာဝန်ရှိသူများ၏ တုံ့ပြန်ဆောင်ရွက်ပေးမှုများအပေါ် ကျေနပ်မှု။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန် လိုအပ်သည်။)

( ခ ) အသိပညာပေးခြင်း

(၁) အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများမှ ကာကွယ် ရန်နှင့် သင့်လျော်သောတုံ့ပြန်မှုများ ဆောင်ရွက်ရန် အဓိကတာဝန်ရှိသော ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဗဟိုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအဆင့် အမျိုးသမီးနှင့် အမျိုးသားဝန်ထမ်းများကို CEDAW၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက် အသိပညာပေးမှု အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(၂) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းအားလုံးသည် အမျိုးသမီးများ၏ လူ့အခွင့် အရေးကို ကျူးလွန်ဖောက်ဖျက်ရာရောက်ကြောင်း CEDAW စာချုပ်ပါ ဖော်ပြထားချက်များနှင့် ပတ်သက်သော အသိပညာပေးမှုအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(၃) အကြမ်းဖက်ခံရသူများအား ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်း မရှိစေရေးအတွက် တရားရေးဝန်ထမ်းများအား အထူးသင်တန်းပေးခြင်း ဆောင်ရွက်ရန်။

2. To implement awareness raising activities on CEDAW which describe all forms of discrimination against women as a violation of human rights.

3. To provide special training to judicial officers to ensure the upholding of dignity and human rights of women and girls affected by violence when taking legal action.

4. To build the capacity of the Myanmar Police Force, judicial officers, health care s taff and volunteers to actively respond to, and prevent all forms of violence against women and girls.

5. To raise awareness of the general public through the media to eliminate all forms of violence against women and girls.

6. To implement community-based initiatives in preventing and responding to all forms of violence against women and girls.

7. To increase men's participation in preventing and responding to all forms of violence against women and girls.

c. Implementation

1. Practical initiatives supported by designated focal Ministries that focus on: taking legal action against the perpetrators of violence against women and girls and human-trafficking; providing counselling to women and girls that ensures dignity and safety; effective treatment, care and protection for women and girls affected by violence.

ဖင်ရဲတပ်ဖွဲ့၊ ဥပဒေဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်းများပေးရန်။

(၅) အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှု ပပျောက်စေရေး အတွက် သတင်းမီဒီယာများမှတစ်ဆင့် လူထုပညာပေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန်။

(၆) အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို တုံ့ပြန် တားဆီးကာကွယ်ရေးဆိုင်ရာ လူထုအခြေပြု အသိပညာပေးမှုများကို ဆောင်ရွက်ရန်။

(၇) အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို တုံ့ပြန် တားဆီးကာကွယ်ရေးတွင် အမျိုးသားများ ပိုမိုပါဝင်လာရေးကို ဆောင်ရွက်ရန်။

( ဂ ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပံ့ပိုးကူညီမှုဖြင့် လက်တွေ့ကျသော ဦးတည်ဆောင်ရွက်ချက် များဖြစ်သည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် အကြမ်းဖက်မှုများနှင့် လူကုန်ကူးမှု တို့အပေါ် အလေးထားဆောင်ရွက်ခြင်း၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ ဂုဏ်သိက္ခာနှင့် လုံခြုံရေးကို အာမခံချက်ပေးနိုင်သော နှစ်သိမ့်ဆွေးနွေးမှုပေးခြင်း၊ ပြုစုကုသမှုပေးခြင်းနှင့် ကာကွယ်မှုပေးခြင်းတို့ကို ထိရောက်စွာဆောင်ရွက်ခြင်း။

(၂) မြို့ပြနှင့်ကျေးလက်များတွင် အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းအတွက် အထောက်ပံ့ဝန်ဆောင်မှုများ အား အမျိုးသမီးများအားလုံး လက်လှမ်းမီရရှိနိုင်စေရေးအတွက် ဆောင်ရွက်ခြင်း။

(၃) အမျိုးသမီးအပေါ်အကြမ်းဖက်မှုကို အရေးယူဆောင်ရွက်ရန်နှင့် တားဆီးကာကွယ်ရန် ရပ်ကွက်/ကျေးရွာ၊ မြို့နယ်အဆင့်ဆင့်တို့တွင် အမျိုးသားနှင့် အမျိုးသမီးအဖွဲ့ဝင်များပါဝင်သော လူထုအခြေပြု လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း။

(၄) အကြမ်းဖက်ခံရသူ အမျိုးသမီးများနှင့် အကြမ်းဖက်ခံရနိုင်ခြေရှိသော အမျိုးသမီးများအတွက် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ ဥပဒေရေးရာ ဝန်ဆောင်မှုများ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် အခြားလူမှုရေးဝန်ဆောင်မှုများအားလုံးကို တစ်နေရာတည်းတွင် ရရှိနိုင်သော ဝန်ဆောင်မှုဌာနများ အား မြို့နယ်နှင့် ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် ဖွင့်လှစ်ထားရှိနိုင်ရေး ဆောင်ရွက်ခြင်း။

(၅) အကြမ်းဖက်မှုများကို ကျူးလွန်သူများအား ဥပဒေရေးရာတုံ့ပြန်မှုများအပြင် နှစ်သိမ့်ဆွေးနွေးခြင်းနှင့် အခြားပညာပေးမှုများ ပြုလုပ်ဆောင်ရွက်ခြင်း။

2. Ensure that all women and girls affected by violence have access to services, in both urban and rural areas.

3. Establishment of community-based working committees comprised of both male and female members, at community, village and township levels, to take legal action and prevent violence against women.

4. Opening of one-stop services at national, regional and local levels to provide counselling, legal services, health care services and other social services for women who are affected by and vulnerable to violence.

5. To take legal action against perpetrators as well as to provide them with counselling and other awareness raising.

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organizations.

2. Implementation of policies to take legal action against perpetrators and to provide counselling and other awareness raising.

3. Review, development and application of laws and policies related to women's protection in accordance with CEDAW, the Beijing Platform for Action and the Millennium Development Goals.

4. Increase in the participation of women in the development and implementation of these policies.

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

(၁) ရည်ညွှန်းပါလုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်း အရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

(၂) အကြမ်းဖက်မှုများကို ကျူးလွန်သူများအား ဥပဒေရေးရာ တုံ့ပြန်မှုများအပြင် နှစ်သိမ့်ဆွေးနွေးခြင်းနှင့် အခြားပညာပေးမှုများ ပြုလုပ်နိုင်ရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရန်။

(၃) အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လက်ရှိမူဝါဒနှင့် ဥပဒေများကို CEDAW၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့်အညီ ပြန်လည်သုံးသပ် ပြင်ဆင်ရေးဆွဲရန်။

(၄) ၎င်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင်လာ နိုင်စေရေး ဆောင်ရွက်ရန်။

**အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ**

၁၁။ အရေးပေါ်အခြေအနေတိုင်းတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ ရပိုင်ခွင့်ဖြစ်သော ကာကွယ်စောင့်ရှောက်မှုရရှိရန်နှင့် သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခအန္တရာယ် လျှော့ချခြင်း၊ ကြိုတင် ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းတို့တွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များပါ ပူးပေါင်းပါဝင်နိုင်စေသည့် စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းလာစေရေးကို အဓိကဦးတည်ပါသည်။

(က) သုတေသနပြုလုပ်ခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) အရေးပေါ်အခြေအနေတွင် အမျိုးသမီးများအနေဖြင့် အခြေခံသတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကိုမည်သည့်နေရာတွင် ရယူနိုင်ကြောင်းသိရှိသော အခြေအနေ။

(၂) အမျိုးသမီးများ အထူးသဖြင့် ပြောင်းရွှေ့နေရာချထားခြင်းခံရသူများအနေဖြင့် သင့်လျော်ထိရောက် သည့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီအထောက်အပံ့များကို လက်လှမ်းမီရရှိမှု အခြေအနေ။

(၃) အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များတွင် အမျိုးသမီးများ ပါဝင်မှုအခြေအနေ။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန်လိုအပ်သည်။)

**Women and Emergencies**

11. The Key objective is to strengthen systems, structures and practices to ensure women's right to protection in emergencies, and to ensure their participation in emergency preparedness, response, and disaster and conflict risk reduction.

    a. Research and Surveys

        1. Women knowing where to go to access general emergency information and services in emergencies.

        2. Women, especially those displaced, who have access to appropriate and effective humanitarian assistance.

        3. Women's participation in preparedness, responses and disaster risk reduction.

        Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

    b. Awareness Raising

        1. Implement awareness raising activities for male and female staff in designated focal Ministries a nd with duty bearers, at national, regional and local levels, responsible for addressing the needs of women and girls in emergencies (including CEDAW, the Beijing Platform for Action, and the Millennium Development Goals).

        2. To raise awareness amongst relief and humanitarian actors to be able to understand and have the capacity to respond to violence against women and gender issues in emergencies.

( ခ ) အသိပညာပေးခြင်း

(၁) အရေးအပေါ်အခြေအနေအမျိုးမျိုးတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ လိုအပ်ချက် များကို ဖြည့်ဆည်းပေးရန်နှင့် အဓိကတာဝန်ရှိသော ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအဖွဲ့ အစည်းများမှ ဇဟိုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအဆင့် အမျိုးသမီးနှင့် အမျိုးသားဝန်ထမ်းများကို CEDAW၊ ဘေဂျင်းလုပ်ငန်း စီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များစသည့် အသိပညာပေးမှုအစီအစဉ်များ ပြုလုပ် ဆောင်ရွက်ရန်။

(၂) ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက် နေသူများသည် အရေးအပေါ်အခြေအနေအမျိုးမျိုးတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ကျား၊ မ ရေးရာကိစ္စများကို နားလည်တုံ့ပြန်နိုင်စွမ်းရှိစေသည့် အသိပညာပေးမှုအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(၃) အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်များဆိုင်ရာ လူထုအခြေပြု အသိပညာပေးမှုများကို ဆောင်ရွက်ရန်။

( ဂ ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) အမျိုးသမီးများအပေါ် အကြမ်းဖက်သည့်အမှုများကို ရဲ၊ စစ်တပ်၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် အခြားကိုယ်စားလှယ်အဖွဲ့အစည်းများမှ မှတ်တမ်းတင် ကိုင်တွယ်ဖြေရှင်းနိုင်မှု တိုးတက်လာစေရန် သင်တန်းများပေးခြင်း၊ နည်းပညာဆိုင်ရာပံ့ပိုးခြင်း တို့အပြင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်မှုဆိုင်ရာ အကြမ်းဖက်မှုအတွက် လုံခြုံရေးကောင်စီမှ ပြဋ္ဌာန်းချက်အား အရေးယူဆောင်ရွက်ခြင်း စသည်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပံ့ပိုးကူညီ မှုဖြင့် လက်တွေ့ကျကျ ဦးတည်ဆောင်ရွက်ခြင်း။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များနှင့် ပဋိပက္ခအခြေအနေများတွင် ကာကွယ်စောင့်ရှောက် ပေးမှု၊ အရင်းအမြစ်များ၊ အကျိုးခံစားခွင့်များနှင့် ဝန်ဆောင်မှုများကို အမျိုးသမီးများ တန်းတူညီမျှ လက်လှမ်းမီ ခံစားရရှိနိုင်စေခြင်း။

(၃) အမျိုးသမီးနှင့် အမျိုးသားဦးရေ မျှတစွာပါဝင်သည့် ကြိုတင်ပြင်ဆင်ရေး၊ ကယ်ဆယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ လူထုအခြေပြုလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း။

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

3. To raise awareness and implement community-based initiatives for preparedness, response and disaster risk reduction.

c. Implementation

1. Practical initiatives supported by designated focal Ministries that focus on training, technical support, improved recording and handling of cases of violence against women by police, military, local authorities, community-based organizations and other agencies as well as a Plan of Action addressing Security Council Resolutions about conflict-related sexual violence.

2. Women's equal access to protection, resources, benefits and services in natural disasters and conflict situations.

3. Equitable representation of female and male members in preparedness/relief/response/ resettlement and civil society-based working committees.

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organizations.

2. Development and application of laws and policies related to disaster management and risk reduction to fulfil and respond to the needs of women and to ensure their equal rights.

3. Increase in the participation of women in the development and implementation of these policies.

(၁) ရည်ညွှန်းပါလုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်း အရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

(၂) အမျိုးသမီးများ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ပြီး ၎င်းတို့၏ အခွင့်အရေးများကို တန်းတူရပိုင်ခွင့်ရှိစေမည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် အန္တရာယ်လျှော့ချရေးဆိုင်ရာ ဥပဒေများ၊ မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ရန်။

(၃) ၎င်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင် လာနိုင်စေရေး ဆောင်ရွက်ရန်။

**အမျိုးသမီးများနှင့် စီးပွားရေး**

၁၂။ အလုပ်အကိုင်၊ ချေးငွေ၊ အရင်းအမြစ်များ၊ ပိုင်ဆိုင်မှုများနှင့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များကို အမျိုးသမီးများ တရားမျှတစွာ တန်းတူညီမျှရရှိခံစားနိုင်စေရန် အာမခံချက်ပေးနိုင်သည့် စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းလာစေရေး အဓိကဦးတည်ပါသည်။

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာ စီးပွားရေးကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်မှုအခြေအနေ။

(၂) အမျိုးသမီးများအတွက် စီးပွားရေးဆိုင်ရာအခွင့်အလမ်းနှင့် လိုအပ်ချက်များ၊ အရင်းအမြစ်များအား လက်လှမ်းမီရရှိနိုင်မှု အခြေအနေနှင့် အသုံးပြုမှုကို အဟန့်အတားဖြစ်စေသော အခက်အခဲများ။

(၃) ဒေသအလိုက် ဈေးကွက်ဝင် ဝင်ငွေရလုပ်ငန်းများနှင့် အမျိုးသမီးများ၏ ပါဝင်မှုအခြေအနေ။

(၄) အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၏ စီးပွားရေးဆိုင်ရာအခွင့်အလမ်းနှင့် လိုအပ်ချက်များ။

(၅) မသန်စွမ်းအမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာအခွင့်အလမ်းနှင့် လိုအပ်ချက်များ အပါအဝင် စီးပွားရေးကဏ္ဍများတွင် ပါဝင်မှုအခြေအနေ။

(၆) အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ စစ်တမ်းများ။

(၇) လိင်ပိုင်းဆိုင်ရာ မတူညီမှုကြောင့် လုပ်ခလစာ ကွဲပြားမှု။

(၈) အမျိုးသမီးများအား လုပ်ငန်းခွင်အတွင်း ကာယိန္ဒြေပျက်ပြားအောင် လုပ်ဆောင်မှုနှင့် ၎င်းအခြေအနေများအား သတင်းပို့တိုင်တန်းမှု အပါအဝင် တုံ့ပြန်ဆောင်ရွက်ပေးမှုများ။

**Women and the Economy**

12. The key objective is to strengthen systems, structures and practices to ensure fairness and equal rights for women in relation to employment, credit, resources, assets and economic benefits.

    a. Research and Surveys

        1. Women's participation in the public and private economic sectors.

        2. The challenges women face accessing economic opportunities, their economic needs, and utilization of, and access to resources.

        3. Women's participation in region-specific, marketable income-generating activities.

        4. The economic opportunities and needs of women-led households.

        5. The economic opportunities and needs of women with disabilities and their participation in the economy.

        6. Assessment of the situation of female migrant workers.

        7. Disparities in wages between women and men.

        8. The sexual harassment of women at the workplace and workplace responses, including reporting.

        9. Women's participation and decision-making in technical and professional positions of Government Departments related to economy.

        Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

    b. Awareness Raising

        1. Implement awareness raising activities for male and female staff in designated focal Ministries and with duty bearers, at national, regional and local levels, responsible for the economy and development projects (including CEDAW, the Beijing Platform for Action, the Millennium Development Goals).

(၉) စီးပွားရေးနှင့်ဆိုင်သော အစိုးရဌာနများ၏ နည်းပညာ၊ ပညာရှင်ဆိုင်ရာ ရာထူးနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သောနေရာများ၌ အမျိုးသမီးများပါဝင်မှု အခြေအနေ။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန်လိုအပ်သည်။)

( ခ ) အသိပညာပေးခြင်း

(၁) စီးပွားရေးနှင့် စီမံကိန်းကို အဓိကတာဝန်ယူထားသော ဝန်ကြီးဌာနများမှ ဗဟိုအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအဆင့် အမျိုးသမီးနှင့် အမျိုးသားဝန်ထမ်းများကို CEDAW၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက် များစသည့် အသိပညာပေးမှု အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(၂) မြို့ပြနှင့် ကျေးလက်နေအမျိုးသမီးများ စီးပွားရေးစွမ်းဆောင်ရည် မြင့်မားရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများနှင့် လူထုအခြေပြုလှုပ်ရှားမှုများကို ဆောင်ရွက်ရန်။

(၃) အလုပ်သမားဥပဒေ၊ လုပ်ငန်းခွင်အခြေခံသဘောတရားများ (တန်းတူညီမျှမှုရှိရေး၊ ခွဲခြားဆက်ဆံမှုမပြုရေးနှင့် လိင်ပိုင်းဆိုင်ရာထိပါးစော်ကားမှုမရှိစေရေး စသည်) တို့ကို အလုပ်ရှင်နှင့် အလုပ်သမားများသိရှိနားလည်လာစေရေး ဆောင်ရွက်ရန်။

(၄) စီးပွားရေးကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များအား အမျိုးသမီးများ လက်လှမ်းမီရရှိရေးကို ဆောင်ရွက်ရန်။

(၅) စီးပွားရေးကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များနှင့် အခွင့်အလမ်းများကို အမျိုးသမီးများ လက်လှမ်းမီရရှိအသုံးပြုမှုအား အဟန့်အတားဖြစ်စေသော ရိုးရာဓလေ့များ၊ အစွဲအလမ်းများနှင့် ယုံကြည်မှုများ လျော့ပါးပပျောက်ရေးအတွက် အသိပညာပေးခြင်းနှင့် လူထုအခြေပြုလှုပ်ရှားမှုများ ဆောင်ရွက်ရန်။

ဂ ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) အလုပ်အကိုင်နှင့် အရင်းအမြစ်များကို တန်းတူညီမျှစွာ လက်လှမ်းမီရရှိနိုင်သည့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ အိမ်မှုကိစ္စများနှင့် ဝင်ငွေရအလုပ်ကြား ဟန်ချက်ညီအောင်

ချင့်ချိန်လုပ်ကိုင်နိုင်မည့် ကြိုးပမ်းမှုများကို မြှင့်တင်ပေးခြင်း၊

2. To raise awareness and to implement community-based initiatives related to the economic capacity building of women in urban and rural areas.

3. To implement awareness raising of employers and employees to understand labour laws, equitable workplace practices including gender equality, non discrimination and community-based initiatives.

4. To provide women with access to information about the economic sector.

5. To reduce and eliminate customs, superstitions and beliefs that are obstacles to women's access and use of information about the economic sector, and to implement community-based initiatives.

c. Implementation

1. Practical initiatives supported by designated focal Ministries that focus on livelihood initiatives that: provide equal access to employment and resources; promote balance between household work and income generation; promote quota systems for women in economic management; implement workplace policies about equal pay for equal work and non-harassment.

2. Increase in the number of women participating in the decision-making of agencies and Government Departments related to the economy and development projects.

3. Identification and implementation of projects that give specific priority to economic opportunities for women and their rights.

စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု မြင့်တက်လာစေရန် ခွဲတမ်းစနစ်ကျင့်သုံးသည့်

စနစ်များ၊ တူညီသည့်အလုပ် အတွက် တူညီသောလုပ်ခလစာပေးခြင်းနှင့် လုပ်ငန်းခွင်အတွင်း ကာယိန္ဒြေပျက်ပြားစေရန် နှောင့်ယှက်မှုနှင့် လိင်ပိုင်းဆိုင်ရာထိပါးစော်ကားမှုမရှိစေရန် လုပ်ငန်းခွင်ဆိုင်ရာ မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပံ့ပိုးကူညီမှုဖြင့် လက်တွေ့ ကျကျ ဦးတည်ဆောင်ရွက်ခြင်း။

(၂) စီးပွားရေး၊ စီမံကိန်းနှင့်သက်ဆိုင်သောအဖွဲ့အစည်းများ၊ အစိုးရဌာနများ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်အဆင့်များတွင် အမျိုးသမီးအရေအတွက် တိုးပွားလာစေခြင်း။

(၃) အမျိုးသမီးများ၏ စီးပွားရေးအခွင့်အလမ်းနှင့် ရပိုင်ခွင့်များကို အလေးထားသော စီမံချက်များ လက်တွေ့ဆောင်ရွက်ခြင်း။

(၄) မသန်စွမ်းအမျိုးသမီးများအပါအဝင် အမျိုးသမီးများအတွက် အလုပ်အကိုင် ရှာဖွေရေး (သို့မဟုတ်) သတင်းအချက်အလက်များ ဆွေးနွေးမေးမြန်းနိုင်သော ဝန်ဆောင်မှုဌာနများ တည်ထောင်ခြင်း။

(၅) အမျိုးသမီးများ၏ အလုပ်အကိုင်၊ ချေးငွေ၊ အရင်းအမြစ်များ၊ ပိုင်ဆိုင်မှုများနှင့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များကို လက်လှမ်းမီရရှိခံစားနိုင်ခွင့် တိုးတက်လာစေရေး ဆောင်ရွက်ခြင်း။

(၆) လုပ်ငန်းခွင်အတွင်း အမျိုးသမီးများ၏ရပိုင်ခွင့်များနှင့် လုံခြုံရေးကို အလေးထား လုပ်ဆောင်ခြင်း။

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

(၁) ရည်ညွှန်းပါ လုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်းအရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

(၂) အမျိုးသမီးများ၏ စီးပွားရေး၊ စီမံကိန်းနှင့် လုပ်ငန်းခွင်ဆိုင်ရာဥပဒေ၊ မူဝါဒ၊ လုပ်ငန်းဆောင်ရွက်နိုင်မှုများကို CEDAW၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များတို့နှင့်အညီ ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်။

4. Service centres where women, including women with disabilities, can access employment opportunities and get information.

5. Development of women's access to employment, credit, resources, assets and economic benefits.

6. Initiatives giving priority to women's rights and security in the workplace.

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organisations.

2. Review, development and application of laws, policies and procedures related to the economy, development projects and the workplaces of women, that are in accordance with CEDAW, the Beijing Platform for Action and the Millennium Development Goals.

3. Implementation of specific policies related to economic opportunities for women and their rights, including women with disabilities, women migrant workers and women-led households.

4. Increase in the participation of women in the development and implementation of these policies.

**Women and Decision-Making**

13. The key objective is to improve systems, structures and practices to ensure women's equal participation in decision-making and leadership at all levels of society.

a. Research and Surveys

1. Women's participation in decision-making in Government including Parliaments, Parliamentary Committees, Ministries, Departments and political parties - at all levels.

(၃) မသန်စွမ်းအမျိုးသမီးများ၊ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများနှင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၏ စီးပွားရေးဆိုင်ရာအခွင့်အလမ်းနှင့် ရပိုင်ခွင့်များအတွက် သီးသန့်မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရန်။

(၄) ၎င်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင် စေရေး ဆောင်ရွက်ရန်။

**အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး**

၁၃။ လူမှုအဖွဲ့အစည်းအလွှာအသီးသီးတွင် ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှုကဏ္ဍများ၏ အမျိုးသမီးများ တန်းတူပါဝင်ဆောင်ရွက်နိုင်ရန် အပြည့်အဝအာမခံချက်ပေးနိုင်သည့်စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်း များ ပိုမိုအားကောင်းလာစေရေးကို အဓိကဦးတည်ပါသည်။

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) လွှတ်တော်နှစ်ရပ်မှ ကော်မတီများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာအလွှာအဆင့်အားလုံးနှင့် နိုင်ငံရေးပါတီများတွင် အမျိုးသမီးများပါဝင်မှု အခြေအနေ။

(၂) အစိုးရဌာနများ၏ နည်းပညာဆိုင်ရာ ရာထူးနှင့် ဆုံးဖြတ်ချက်ချနိုင်သောနေရာများတွင် အမျိုးသမီး များပါဝင်မှုအခြေအနေနှင့် ယင်းသို့ပါဝင်နိုင်မှုအတွက် အဓိကအဟန့်အတားများ။

(၃) သတင်းမီဒီယာများတွင် အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ဆုံးဖြတ်ချက်ချသူအမျိုးသမီး များအား မြင်တွေ့နိုင်မှုနှင့် ထည့်သွင်းဖော်ပြမှု အခြေအနေ။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက်ခွဲခြားဖော်ပြရန် လိုအပ်သည်။)

( ခ ) အသိပညာပေးခြင်း

(၁) အဆုံးအဖြတ်ပေးနိုင်သော ရာထူးနေရာများနှင့် ပြည်ထောင်စုအဆင့် ရာထူးများတွင် အမျိုးသမီးများ ပါဝင်မှုနှုန်းတိုးမြင့်ရေး မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်စေရေး အသိပညာပေးမှု အစီအစဉ်များအား လွှတ်တော်နှစ်ရပ်မှ ကော်မတီများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာ အလွှာအဆင့်အားလုံးနှင့် နိုင်ငံရေးပါတီများအတွင်း၌ ကျင်းပ ဆောင်ရွက်ရန်။

(၂) ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သောနေရာများတွင် အမျိုးသမီးများပါဝင်မှု၏ အကျိုး ရလဒ်များကို လူထုအတွင်း သဘောပေါက်နားလည်စေခြင်း၊ လက်ခံသိမြင်လာစေခြင်းတို့ကို ဆောင်ရွက်ရန်။

2. Women's participation in senior, technical and professional positions and in the decision-making processes of Government Departments, and the challenges they face.

3. The visibility and frequency of reporting in the media of women decision-makers in Government and the private sector.

   Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

b. Awareness Raising

1. Implement awareness raising activities to promote policy change related to women's representation and participation in decision-making and in national level positions in Parliaments, Parliamentary Committees, Ministries, and Departments and political parties at all levels.

2. To raise awareness and gain the acceptance of the general public on the benefits of women's participation in leadership and decision-making.

3. Raise awareness to address harmful customary laws and gender discriminatory practices that are identified as barriers to women's participation in leadership and decision-making.

4. Raise awareness of the media about increasing the visibility and frequency of women decision-makers in Government and the private sector in the media.

c. Implementation

1. Practical initiatives focusing on the provision of information for women about public affairs.

2. Mentoring programmes for female parliamentarians to improve leadership and decision-making skills.

(၃) ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သောနေရာများတွင် အမျိုးသမီးများ၏ ပါဝင်မှုကို အတားအဆီးဖြစ်စေနိုင်သော ဓလေ့ထုံးတမ်းများ၊ ဥပဒေများ၊ ကျား၊ မ ခွဲခြားဆက်ဆံသည့် ကျင့်သုံးဆောင်ရွက်ချက်များ လျော့ကျစေရေးအတွက် အသိပညာပေးရန်။

(၄) သတင်းမီဒီယာများတွင် အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ဆုံးဖြတ်ချက်ချသူအမျိုးသမီး များအား မြင်တွေ့နိုင်မှုနှင့် ထည့်သွင်းဖော်ပြမှု တိုးမြှင့်ရေးအတွက် သတင်းမီဒီယာများအား အသိပညာပေးရန်။

( ဂ ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) လူထုရေးရာကိစ္စရပ်များဆိုင်ရာ သတင်းအချက်အလက်များကို အမျိုးသမီးများ ရရှိစေခြင်း။

(၂) အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခေါင်းဆောင်မှုနှင့်ဆုံးဖြတ်ချက်ချမှတ်နိုင်မှုဆိုင်ရာ စွမ်းဆောင်ရည်များ မြင့်မားလာစေရေးအတွက် ကူညီပံ့ပိုးမှု အစီအစဉ်များ ပြုလုပ်ပေးခြင်း။

(၃) ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လှုပ်ရှားလာစေခြင်း။

(၄) ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၏ ဆုံးဖြတ်ချက်ချနိုင်သော အဆင့်နေရာ များတွင် အမျိုးသမီးများပါဝင်မှု မြင့်တက်လာစေရန် ခွဲတမ်းစနစ် ကျင့်သုံးချမှတ် ဆောင်ရွက်ခြင်း။

(၅) ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သောနေရာများတွင် အမျိုးသမီးများ၏ ပါဝင်မှုကို အတားအဆီးဖြစ်စေနိုင်သော ဓလေ့ထုံးတမ်းများ၊ ဥပဒေများ၊ ကျား၊ မ ခွဲခြားဆက်ဆံသည့် ကျင့်သုံးဆောင်ရွက်ချက်များ လျော့ကျစေရန် လူငယ်များကို အဓိကဦးတည်သော အစီအစဉ်များ အပါအဝင် လူထုအခြေပြုလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း။

(၆) အနာဂတ်ကာလ အမျိုးသမီးခေါင်းဆောင်များအတွက် ခေါင်းဆောင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုဆိုင် ရာကျွမ်းကျင်မှုအစီအစဉ်များ ဆောင်ရွက်ခြင်း။

(၇) ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သောနေရာများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက် နေမှုများနှင့် အကျိုးရလဒ်များကို သတင်းမီဒီယာများတွင် ထည့်သွင်းဖော်ပြမှု တိုးမြှင့်ရေးအတွက် ဆောင်ရွက်ခြင်း။

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

(၁) ရည်ညွှန်းပါလုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်း အရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

3. Activities to increase women's engagement with electoral processes.

4. Application of quota systems to ensure women's participation in decision-making in legislative, judicial and executive bodies.

5. Implementation of community-based initiatives, including youth focused activities, to address harmful customs, laws and gender discriminatory practices that can be barriers to women's participation in leadership and decision-making.

6. Capacity building for future women leaders on leadership and negotiation skills.

7. Women's participation in leadership and decision-making and its benefits to be visible in the media and with increased frequency of reporting.

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organizations.

2. Review, development and application of the rules, structures, systems and policies at all levels of Government related to women's participation in leadership and decision-making.

3. Review, development and application of laws, policies and procedures related to formal and non-formal education and skills training for women in accordance with CEDAW, the Beijing Platform for Action and the Millennium Development Goals.

4. Increase in the participation of women in the development and implementation of these policies.

(၂) ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချနိုင်သောနေရာများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရန် အတွက် ဥပဒေများ၊ မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၃) အမျိုးသမီးများ၏ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ လုပ်ငန်းဆောင်ရွက်နိုင်မှုများကို CEDAW၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များတို့နှင့်အညီ ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲခြင်းနှင့် အကောင်ထည်ဖော်ဆောင်ရွက်ရန်။

(၄) ၎င်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင်လာ နိုင်စေရေး ဆောင်ရွက်ရန်။

**အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ**

၁၄။ အမျိုးသားအဆင့်ဖွံ့ဖြိုးရေးနည်းဗျူဟာများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများတန်းတူပါဝင်လာစေရန်နှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ တည်ထောင်ရန် ပိုမိုအားကောင်းလာစေရေးကို အဓိကဦးတည်ပါသည်။

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်မည့် ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများ၊ ကျား၊ မ ရေးရာနှင့် ပတ်သက်သော သဘောထား၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများအား ဆန်းစစ်ရန်။

(၂) တည်ဆဲဥပဒေများကို ပြန်လည်လေ့လာခြင်းနှင့် ၎င်းတို့တည်ဆဲဥပဒေများမှ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသောအချက်များကို ဖော်ထုတ်ရန်။

(၃) ဤမဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစီမံချက်နယ်ပယ် (၁၂) ရပ်စလုံးတိုးတက်ရေးအတွက် အမျိုးသမီးရေးရာဝန်ကြီးဌာန၊ အမျိုးသမီးလွှတ်တော်ရေးရာကော်မတီ စသည့် အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ တည်ထောင်မှု အခြေအနေ။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန် လိုအပ်သည်။)

(ခ) အသိပညာပေးခြင်း

**Institutional Mechanisms for the Advancement of Women**

14. The key objective is to establish and strengthen institutional mechanisms for the advancement of women and to ensure the participation of women as equal partners in national development strategies and decision-making processes.

    a. Research and Surveys

        1. Assessment of opinion, policy and procedures on gender issues in designated focal Ministries and Departments responsible for implementing the National Strategic Plan for the Advancement of Women.

        2. Review of existing laws and the identification of those that pose barriers to women's advancement.

        3. Establishment of advancement mechanisms such as a Ministry of Women Affairs, and a Parliamentary Committee on Women related to progress toward the 12 Priority Areas in this Plan.

            Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

    b. Awareness Raising

        1. Implement awareness raising activities for male and female staff in designated focal Ministries and with duty bearers, at national, regional and local levels responsible for Strategic Plan (including CEDAW, the Beijing Platform for Action, the Millennium Development Goals)

        2. Implementation of public awareness activities about the importance of the advancement of the women.

    c. Implementation

        1. Establishment of Gender Focal Points in designated Ministries with clear terms of reference that include authority and responsibilities.

(၁) သက်ဆိုင်ရာတာဝန်ရှိဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအဆင့် အမျိုးသမီးလုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်မည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာန များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအဆင့် အမျိုးသမီးနှင့် အမျိုးသားဝန်ထမ်းများကို CEDAW၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ အသိပညာပေးမှုအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(၂) အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၏ အရေးပါမှုကို လူထုအတွင်း သဘောပေါက်နားလည်လာစေ ရေး အသိပညာပေးမှုအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

( ဂ ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်မည့် ဝန်ကြီးဌာနများတွင် ကျား၊ မ ရေးရာကဏ္ဍ အတွက် တာဝန်ခံဌာနတစ်ခု တည်ထောင်ရန်နှင့် ၎င်းဌာန၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့် တို့ကို တိကျစွာသတ်မှတ်ခြင်း။

(၂) CEDAW ကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်းအပါအဝင် ကော်မတီမှ စုံစမ်း လေ့လာတွေ့ရှိချက်များကို အရေးယူဆောင်ရွက်ရန်နှင့် ထောက်ခံအကြံပြုချက်များအား အကောင် အထည်ဖော်ခြင်း။

(၃) ပြည်ထောင်စုအဆင့်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအဆင့် များအထိ လက်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းယန္တရားများ ပိုမိုအားကောင်းလာစေရေး ဆောင်ရွက်ခြင်း။

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

(၁) ရည်ညွှန်းပါလုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်း အရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

(၂) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်မှု တိုးတက်လာစေရန်အတွက် စည်းမျဉ်း၊ ဖွဲ့စည်းပုံ၊ စနစ်နှင့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၃) ၎င်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရေး ဆောင်ရွက်ရန်။

2. Timely reporting to the CEDAW Committee, taking action to address CEDAW Committee observations, and implementing CEDAW recommendations.

3. Strengthen the existing mechanisms for the advancement of women at national, regional and local levels.

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organizations.

2. Review, development and application of rules and regulations, structure, system and policies to improve women's participation in national development strategies and processes.

3. Increase in the participation of women in the development and implementation of these policies.

**Women and Human Rights**

15. The Key objective is to ensure the protection, promotion and fulfilment of women's and girls' economic, social, cultural, civil and political rights.

a. Research and Surveys

1. Understanding of women's rights within Government including Parliaments, Parliamentary Committees, Ministries, Departments and political parties - at all levels.

2. Public awareness, including ethnic and minority groups, on the rights of women.

၁၅။ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး၊ မြှင့်တင်ရေးနှင့် ပြည့်ဝစွာခံစားရရှိစေရေး အဓိကဦးတည်ပါသည်။

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) အမျိုးသမီးများ ရရှိခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများအား လွှတ်တော်နှစ်ရပ်မှ ကော်မတီများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာအလွှာအဆင့်အားလုံးနှင့် နိုင်ငံရေးပါတီများမှ ကောင်းစွာသဘောပေါက် နားလည်သိရှိမှုအခြေအနေ။

(၂) တိုင်းရင်းသားနှင့် လူနည်းစုများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အမျိုးသမီးများ၏ရပိုင်ခွင့် များကို နားလည်သိရှိမှုအခြေအနေ။

(၃) အမျိုးသမီးများ ရရှိခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများအား အပြည့်အဝရရှိခံစားနိုင်စေရေး ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများ၏ ထိရောက်မှုအခြေအနေ။

(၄) အမျိုးသမီးများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် စီးပွားရေးနှင့် လူမှုဝန်းကျင် ဆိုင်ရာတာဝန်ယူမှုများကို အစိုးရနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့မှ နားလည်အသိအမှတ်ပြုမှု အခြေအနေ။

(၅) လူ့အခွင့်အရေးဆိုင်ရာကော်မတီ/အဖွဲ့အစည်းများတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်နေမှု အခြေအနေ။

(၆) အမျိုးသမီးများ၏ ရပိုင်ခွင့်များ၊ ထိုရပိုင်ခွင့်များနှင့်ဆက်စပ်သော လိုအပ်ချက်များနှင့် ဆန္ဒများကို လူ့အခွင့်အရေးဆိုင်ရာကော်မတီ/အဖွဲ့အစည်းများမှ စနစ်တကျ အလေးထားဖော်ထုတ်ဖြေရှင်းပေးမှု အခြေအနေ။

(၇) သတင်းမီဒီယာများတွင် အမျိုးသမီးများရရှိခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများအား ထည့်သွင်း ဖော်ပြမှုအခြေအနေ။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန် လိုအပ်သည်။)

(ခ) အသိပညာပေးခြင်း

(၁) အမျိုးသမီးနှင့် အမျိုးသမီးငယ်ရွယ်များ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို သက်ဆိုင်ရာဝန်ကြီးဌာန များမှဝန်ထမ်းများနှင့် တာဝန်ရှိသူများ နားလည်သဘောပေါက်စေရန်နှင့် ယင်းအခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်စေရေးအတွက် နိုင်ငံတော်အနေဖြင့် တာဝန်ရှိသည်ကို သိရှိနားလည်စေရန် CEDAW၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့်အညီ အသိပညာပေးမှုအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

3. Agencies working on the fulfilment of the rights of women, and their effectiveness.

4. Government and private sector recognition of the role of business and corporate social responsibility to protect women’s human rights.

5. Representation of women in Human Rights Bodies/Committees.

6. Human Rights Bodies/Committees systematically acknowledge and address rights-related needs and aspirations of women.

7. Reporting on the rights of women in the media and the frequency of reporting.

   Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

b. Awareness Raising

   1. Implement awareness raising activities for male and female staff in designated focal Ministries and with duty bearers to understand the rights of women and girls and the State’s obligation to fulfil these rights in accordance with CEDAW, the Beijing Platform for Action, the Millennium Development Goals.

   2. To observe and disseminate existing laws that have a direct positive impact on the rights of women.

   3. To raise awareness of the general public on the rights of women.

(၂) အမျိုးသမီးများ၏အခွင့်အရေးကို တိုက်ရိုက်အကျိုးပြုသော တည်ဆဲဥပဒေ၊ မူဝါဒများအား လေ့လာရန်နှင့် ဖြန့်ဝေရန်။

(၃) အမျိုးသမီးများ ရရှိခံစားပိုင်ခွင့်ရှိသောအခွင့်အရေးများကို လူထုအတွင်း သဘောပေါက်နားလည်မှု ရှိလာစေရေး အသိပညာပေးမှုအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(၄) အမျိုးသမီးများရရှိခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများကို သတင်းမီဒီယာများအား အသိပညာပေးမှု အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) လူ့အခွင့်အရေးဆိုင်ရာ အခြေအနေပြကိန်းဂဏန်းများ (ဥပမာ – လက်ထပ်ထိမ်းမြားခြင်း၊ အမွေဆက်ခံခြင်း စသည်) ကို လေ့လာသုံးသပ်သည့် နိုင်ငံတော်စစ်တမ်းများ၊ သတင်းအချက်အလက်စီမံခန့်ခွဲမှုလုပ်ငန်းစနစ်များ ထားရှိခြင်း။

(၂) CEDAW စာချုပ်နှင့် သက်ဆိုင်ရာနိုင်ငံတကာစာချုပ်များအား ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း။

(၃) ပြည်ထောင်စုအဆင့်မှသည် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်နှင့် ရပ်ကွက်/ ကျေးရွာ အဆင့်အထိ အမျိုးသမီးများ၏အခွင့်အရေးအားလုံး အပြည့်အဝခံစားနိုင်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းယန္တရားများ တည်ထောင်ထားရှိခြင်း။

(၄) အမျိုးသမီးများ ရရှိခံစားပိုင်ခွင့်ရှိသောအခွင့်အရေးများကို သိရှိစေရန် လူထုအခြေပြုလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း။

(၅) အမျိုးသမီးများ ရရှိခံစားပိုင်ခွင့်ရှိသောအခွင့်အရေးများကို သတင်းမီဒီယာများတွင် ထည့်သွင်းဖော်ပြမှု တိုးမြှင့်ရေးအတွက် ဆောင်ရွက်ခြင်း။

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

(၁) ရည်ညွှန်းပါလုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်း အရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

4. To raise awareness of the media on the rights of women.

c. Implementation

1. National statistics, surveys and information management systems related to the analysis of data on the status of human rights, including the areas of marriage and inheritance.

2. Effectively implement CEDAW and related international conventions.

3. Implement efficient mechanisms to ensure the rights of women are fulfilled at national, regional, state, district, township and community/ village levels.

4. Implement community-based initiatives to raise public awareness on the rights of women.

5. Improve coverage on the rights of women in the media.

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organizations.

2. Revision, development and application of existing civil, religious and customary laws so as to protect, promote and fulfil the human rights of women and girls.

3. Development and implementation of policies to protect and promote the human rights of women in accordance with the recommendations of key stakeholders and international laws and instruments.

(၂) အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ မြှင့်တင်ရန်နှင့် အပြည့်အဝရရှိခံစားနိုင်စေရန် တည်ဆဲနိုင်ငံသားဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် ဓလေ့ထုံးတမ်းဥပဒေများအား ပြန်လည်သုံးသပ်ရန်။

(၃) အမျိုးသမီးများနှင့် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မြှင့်တင်ရန်အတွက် မူဝါဒများကို ပြန်လည်သုံးသပ်ချမှတ်အကောင်အထည်ဖော်ရာတွင် အဓိကပါဝင်ပတ်သက်သူများထံမှ အကြံဉာဏ်ရယူလျက် နိုင်ငံတကာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့် လျော်ညီစွာလုပ်ဆောင်ရန်။

**အမျိုးသမီးများနှင့် မီဒီယာ**

၁၆။ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ အခွင့်အရေး၊ ရပိုင်ခွင့်များနှင့် ၎င်းတို့၏ လူမှုအဖွဲ့အစည်း အတွက် အကျိုးပြုမှုများနှင့် ပါဝင်ဆောင်ရွက်နေမှုများကို ပြည်သူလူထုတစ်ရပ်လုံးမှ ကောင်းစွာသိရှိနားလည် သဘောပေါက်၍ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်သော လူထုဆက်သွယ်ရေးစနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးကို အဓိကဦးတည်ပါသည်။

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) စွမ်းဆောင်ရည်မြင့်မားသော အမျိုးသမီးများနှင့်ပတ်သက်၍ မီဒီယာများတွင် သရုပ်ဖော်ထုတ်လွှင့် ပြသ၊ ရေးသားထုတ်ဝေမှုအခြေအနေ။

(၂) ကျား၊ မ ရေးရာ ကွဲပြားမှုအပေါ် တရားသေအမြင်များနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုကို ဖြစ်စေသော အယူအဆများအပေါ် မီဒီယာနယ်ပယ်မှ သိရှိလက်ခံမှုအခြေအနေ။

(၃) ကျား၊ မ ရေးရာ ကွဲပြားမှုအပေါ် တရားသေအမြင်များနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ဖြစ်စေသော အယူအဆများကို မီဒီယာများမှ ထည့်သွင်းဖော်ပြမှုအခြေအနေ။

(၄) အမျိုးသမီးအကျိုးပြုအစီအစဉ်များကို မီဒီယာများတွင် ထည့်သွင်းဖော်ပြမှုအခြေအနေ။

(၅) မီဒီယာနှင့်သက်ဆိုင်သောအဖွဲ့အစည်း၊ လုပ်ငန်းဌာနများ၏ နည်းပညာရာထူးနှင့် ဆုံးဖြတ်ချက်ချနိုင်သောနေရာများတွင် အမျိုးသမီးများ ပါဝင်မှုအခြေအနေ။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန် လိုအပ်သည်။)

( ခ ) အသိပညာပေးခြင်း

**Women and the Media**

16. The key objective is to develop and strengthen systems, structures and practices for the media to promote the advancement of women, and to raise public awareness about women's rights and their contribution to society.

    a. Research and Surveys

        1. Portrayal of empowered women in the media in broadcasting and publishing.

        2. Media professionals' acknowledgement and acceptance of gender stereotyping and discrimination against women.

        3. The media's portrayal of gender stereotyping and discrimination against women.

        4. The media's showcasing of programmes that benefit women.

        5. Women's participation and decision-making in senior, technical and professional positions of media-related agencies and Departments.

        Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

    b. Awareness Raising

        1. Implement awareness raising activities for designated focal Ministries, duty bearers and media professionals that include CEDAW, the Beijing Platform for Action, and the Millennium Development Goals.

        2. Raise awareness of media professionals of the need to reduce gender stereotyping and discrimination against women in their workplaces.

(၁) သက်ဆိုင်ရာတာဝန်ရှိဝန်ကြီးဌာနများနှင့် မီဒီယာပညာရှင်များကို CEDAW၊ ဘေဂျင်းလုပ်ငန်း စီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များအား အသိပညာပေးမှုအစီအစဉ်များ ပြုလုပ် ဆောင်ရွက်ရန်။

(၂) မီဒီယာပညာရှင်များသည် ၎င်းတို့၏ အလုပ်နေရာများတွင် ကျား၊ မ ရေးရာ ကွဲပြားမှုအပေါ် တရားသေအမြင်များနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုကိုဖြစ်စေသော အယူအဆများကို လျော့ချစေရေးအတွက် အသိပညာပေးဆောင်ရွက်ရန်။

(၃) အမျိုးသမီးများအား လူမှုအဖွဲ့အစည်းအတွင်း စွမ်းဆောင်ရည်မြင့်မားသူများအဖြစ် ပေါ်လွင်အောင် ရုပ်လုံးဖော်ရာတွင် မှျတသောတောင်းဆိုတင်ပြမှုကို ယုံကြည်လက်ခံကျင့်သုံးလာစေရေး ဆောင်ရွက် ရန်။

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) CEDAW၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များအပါအဝင် နိုင်ငံတကာသဘောတူစာချုပ်များကို လူအများနားလည်လွယ်သောပုံစံဖြင့် ကျယ်ပြန့်စွာ ထုတ်ဝေ ဖြန့်ချီခြင်း။

(၂) အမျိုးသမီးများ၏အခွင့်အရေးများကို တိုက်ရိုက်အကျိုးပြုသော မီဒီယာအစီအစဉ်များကို ထုတ်လွှင့်ပြသ၊ ရေးသားထုတ်ဝေခြင်း။

(၃) ကျား၊ မ ရေးရာ ကွဲပြားမှုအပေါ် တရားသေအမြင်များနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုကို ဖြစ်စေသော အယူအဆများကို မီဒီယာများမှ ဖော်ပြမှုလျော့ကျစေရေး ဆောင်ရွက်ခြင်း။

(၄) အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားများ၏ အပြုသဘောဆောင်သောပံ့ပိုးမှု များကို မီဒီယာများတွင် ထည့်သွင်းဖော်ပြခြင်း။

(၅) ရပ်ရွာအခြေပြုစာကြည့်တိုက်များတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အရေးဆိုင်ရာ စာအုပ်၊ စာပေနှင့် ဗွီဒီယိုများကို အဆင်ပြေစွာလေ့လာနိုင်ရေး စီစဉ်ထားရှိခြင်း။

(၆) မီဒီယာနှင့်သက်ဆိုင်သောအဖွဲ့အစည်း၊ လုပ်ငန်းဌာနများ၏ နည်းပညာ၊ ပညာရှင်နှင့် ဆုံးဖြတ်ချက် ချနိုင်သော ရာထူးနေရာများတွင် အမျိုးသမီးများပါဝင်မှု တိုးတက်လာစေရေး ဆောင်ရွက်ခြင်း။

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

(၁) ရည်ညွှန်းပါလုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်း အရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

3. Adopt a balanced approach to portraying women as empowered members of society.

c. Implementation

1. Publish and disseminate international conventions including CEDAW, the Beijing Platform for Action and the Millennium Development Goals in user-friendly formats for public awareness.

2. Broadcast and publish media programmes that have a direct impact on the rights of women.

3. Pro-actively reduce gender stereotyping and discrimination against women in the media.

4. Include the constructive engagement and support of men in the advancement of women in the media.

5. Provide easy access to books, literature and videos related to the advancement of women in community-based libraries.

6. Increase the participation and decision-making of women in senior, technical and professional positions in agencies and Departments related to the media.

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organizations.

2. Implementation of policies to promote the rights and the advancement of women in broadcasting and in publishing.

(၂) အမျိုးသမီးအခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကျိုးပြုအစီအစဉ်များအား တိုးမြှင့်ထုတ်လွှင့်ရေး မူဝါဒ ချမှတ်ဆောင်ရွက်ရန်။

(၃) CEDAW ကော်မတီမှ ဆောင်ရွက်စေလိုသော ထောက်ခံအကြံပြုချက်များနှင့်အညီ မီဒီယာ ဥပဒေနှင့် မူဝါဒများကို ပြန်လည်သုံးသပ်၍ ချမှတ်အကောင်အထည်ဖော်ရန်။

(၄) ၎င်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေရေး ဆောင်ရွက်ရန်။

**အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်**

၁၇။ သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု၊ ရာသီဥတုပြောင်းလဲ လာမှုနှင့် လိုက်လျောညီထွေဖြစ်အောင် တုံ့ပြန်ဆောင်ရွက်ခြင်းတို့တွင် အမျိုးသမီးများ ထိရောက်စွာပါဝင်နိုင်သည့် စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းလာစေရေးကို အဓိကဦးတည်ပါသည်။

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) သက်ဆိုင်ရာတာဝန်ရှိဝန်ကြီးဌာနများမှ သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု၊ ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေဖြစ်အောင် တုံ့ပြန် ဆောင်ရွက်မှုတို့တွင် ကျား၊ မ ရေးရာကဏ္ဍ အရေးပါမှုအား ထည့်သွင်းဆောင်ရွက်ထားသည့် အခြေအနေ။

(၂) သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု၊ ရာသီဥတု ပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေဖြစ်အောင် တုံ့ပြန်ဆောင်ရွက်မှုတို့နှင့် သက်ဆိုင်သော ဌာနဆိုင်ရာ အဖွဲ့အစည်း/ ကော်မတီတို့တွင် အမျိုးသမီးများ ပါဝင်မှုအခြေအနေ။

(၃) ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများ၏ အမျိုးသမီးများအပေါ် ထိခိုက်မှုအခြေအနေ။

(၄) ဃနီဗ္ဗူ စာချုပ်ပါ အပိုဒ် ၁၄၊ အပိုဒ်ခွဲ ၂ (ဆ) အရ ပြည့်စုံလုံလောက်သော အိုးအိမ်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လျှပ်စစ်မီးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိမှုအခြေအနေ စသည့် မြို့ပြနှင့် ကျေးလက်ဒေသများရှိ အမျိုးသမီးများ၏ နေထိုင်မှုတိုးတက်လာခြင်း အခြေအနေ။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန် လိုအပ်သည်။)

( ခ ) အသိပညာပေးခြင်း

3. Revision, development and application of media laws and policies in accordance with CEDAW Committees recommendations.

4. Increase in the participation of women in the development and implementation of these policies.

**Women and the Environment**

17. The key objective is to strengthen systems, structures and practices to ensure women's meaningful participation in the management and safeguarding of natural resources, the environment and in adapting to climate change.

a. Research and Surveys

1. Integration of the importance of gender issues in designated focal Ministries on the management of natural resources, environmental conservation, and adaptation and responding to climate change.

2. Women's participation in Departments, agencies, and committees related to the management of natural resources, environmental conservation, and adaptation and responding to climate change.

3. Impact of climate and environmental changes on women.

4. Development of the living standards of women in urban and rural areas including adequate living conditions, sanitation, electricity and water supply according to Article 14.2g of CEDAW.

Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

b. Awareness Raising

1. Implement awareness raising activities for male and female staff in designated focal Ministries and with duty bearers at national, regional and local levels in order to increase understanding about the different impacts on women and men.

နှင့်အမျိုးသားဝန်ထမ်းများကို သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုတို့သည် အမျိုးသမီးနှင့် အမျိုးသားတို့အပေါ် ကွဲပြားစွာထိခိုက်မှုရှိပုံကို ကောင်းစွာသဘောပေါက်နားလည်ရေး အသိပညာပေးအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(၂) အမျိုးသမီးနှင့် အမျိုးသားဦးရေ မျှတစွာပါဝင်သော ရပ်ရွာအခြေပြု သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု၊ ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေ ဖြစ်အောင် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာသင်တန်းများနှင့် အသိပညာပေးအစီအစဉ်များ ပြုလုပ် ဆောင်ရွက်ရန်။

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပံ့ပိုးကူညီမှုဖြင့် လက်တွေ့ကျသော ဦးတည်ဆောင်ရွက်ချက်များ ဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးသောသင်တန်းများ၊ သင့်တော်သော နည်းပညာနှင့် သတင်းအချက်အလက်များအား လက်လှမ်းမီစေရေးအစီအစဉ်များ ဆောင်ရွက်ခြင်း။

(၂) သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု၊ ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေဖြစ်အောင် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာနည်းပညာများကို အမျိုးသမီးများ တတ်ကျွမ်းမှုရှိလာစေရန် အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ခြင်း။

(၃) သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု၊ ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေဖြစ်အောင် တုံ့ပြန်ဆောင်ရွက်မှုတို့နှင့် သက်ဆိုင်သော ဌာနဆိုင်ရာ အဖွဲ့အစည်း/ ကော်မတီများတွင် အမျိုးသမီးနှင့် အမျိုးသားဦးရေ မျှတစွာပါဝင်အောင် ဆောင်ရွက်ခြင်း။

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

(၁) ရည်ညွှန်းပါလုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်း အရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

(၂) အမျိုးသမီးများ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ပြီး ၎င်းတို့၏အခွင့်အရေးများကို တန်းတူရပိုင်ခွင့်ရှိစေမည့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ဥပဒေများ၊ မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ရန်။

(၃) ၎င်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင်လာ နိုင်ရေးအတွက် ဆောင်ရွက်ရန်။

2. To provide training and raise awareness on community-based natural resource management, environmental conservation, and adaptation and response to climate change, where equal numbers of women and men are included.

c. Implementation

1. Practical initiatives supported by designated focal Ministries that focus on capacity building, training, providing access to suitable technology and information.

2. Programmes to ensure that women become competent in technologies related to natural resource management, environmental conservation, and adaption and response to climate change.

3. Equal participation of women and men in designated focal Ministries and organizations that are responsible for natural resources management, environmental conservation, adaptation to and response to climate change.

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organisations.

2. Review, development and application of laws and policies related to environmental management and conservation that respond to the needs of women and ensure their equal rights.

**အမျိုးသမီးငယ်ရွယ်များ**

၁၈။ အမျိုးသမီးငယ်ရွယ်များ၏ ရပိုင်ခွင့်များကို တိုးမြှင့်ပေးရန်၊ ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ပြည့်ဝစွာ ရရှိစေရန်အတွက် စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုအားကောင်းလာစေရေး အဓိက ဦးတည်ပါသည်။

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း

(၁) အမျိုးသမီးငယ်ရွယ်များ ရရှိခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများအား လွှတ်တော်နှစ်ရပ်မှ ကော်မတီများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာအလွှာ အဆင့်အားလုံးနှင့် နိုင်ငံရေးပါတီများမှ ကောင်းစွာသဘောပေါက် နားလည်သိရှိမှုအခြေအနေ။

(၂) အမျိုးသမီးငယ်ရွယ်များ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို လက်လှမ်းမီရရှိခံစားနိုင်စေရေးနှင့် အကာအကွယ်ပေးရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်မှုအခြေအနေ။

(၃) အမျိုးသမီးငယ်ရွယ်များ၏ အခွင့်အရေးချိုးဖောက်ခံရမှုများကို တိုင်ကြားမှုအခြေအနေနှင့် ၎င်းအမှု များကို ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ၊ တိုင်းနှင့်ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မတီအဆင့်ဆင့်မှ အရေးယူဆောင်ရွက်မှုအခြေအနေ။

(၄) အမျိုးသမီးငယ်ရွယ်များ၏ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေး ပညာရေးအပါအဝင် လူမှုရေး လိုအပ်ချက်များ အခြေအနေ။

(၅) ဆယ်ကျော်သက်ကျန်းမာရေး၊ ကလေးသူငယ်များအား လူကုန်ကူးမှုနှင့် ပြည့်တန်ဆာပြုခြင်းနှင့် ပတ်သက်သော မှတ်တမ်းများထားရှိမှုအခြေအနေ။

(မှတ်ချက်။ ။ သုတေသနနှင့်စစ်တမ်းများ ကောက်ယူသည့်အခါတိုင်းတွင် လိင်ကွဲပြားမှု၊ အသက်အရွယ်၊ လူမျိုး၊ ဒေသအလိုက် ခွဲခြားဖော်ပြရန် လိုအပ်သည်။)

(ခ) အသိပညာပေးခြင်း

(၁) အမျိုးသမီးငယ်ရွယ်များ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်း များနှင့် တာဝန်ရှိသူများအနေဖြင့် နားလည်သဘောပေါက်စေရန်နှင့် ယင်းအခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်စေရေးအတွက် နိုင်ငံတော်အနေဖြင့် တာဝန်ရှိသည်ကို သိနားလည်စေရန်၊ ဘေဂျင်းလုပ်ငန်းစီမံချက်၊ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ၊ ကုလသမဂ္ဂ ကလေးသူငယ်အခွင့် အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (The UN Convention on the Rights of the Child - CRC) နှင့်အညီ အသိပညာပေးမှုအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

3. Increase in the participation of women in the development and implementation of these policies.

**The Girl Child**

18. The Key objective is to strengthen systems, structures and practices to promote, protect and fulfil the rights of the Girl Child.

a. Research and Surveys

1. Understanding about girls' rights in Government, including the Parliaments, Parliamentary Committees, Ministries, Departments and political parties - at all levels.

2. Practical initiatives supported by designated focal Ministries to provide access to, and to protect girls' rights.

3. Reports on girls' rights violations and processing of these cases by Committees on the Rights of the Child at national, state, regional, district and township levels.

4. The social needs of girls including the need for sexual and reproductive health and education.

5. Records related to adolescent health, child trafficking and child prostitution.

Remark: When carrying out research and surveys, it is necessary to collect data disaggregated by sex, age, ethnicity and location.

b. Awareness Raising

1. Implement awareness raising activities for male and female staff in designated focal Ministries and with duty bearers so as to understand the rights of the Girl Child and the responsibilities of the State to fulfil their rights in accordance with CEDAW, the Beijing Platform for Action, the Millennium Development Goals and the UN Convention on the Rights of the Child (CRC).

(၂) အမျိုးသမီးငယ်ရွယ်များ ရရှိခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများကို လူထုအတွင်း သဘောပေါက်နားလည်လာစေရေး အသိပညာပေးမှုအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(၃) အမျိုးသမီးငယ်ရွယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အရွယ်မတိုင်မီ လက်ထပ်ခြင်း၊ အမျိုးသမီးငယ်ရွယ်များ ပညာသင်ကြားခွင့်ရရန် အားမပေးခြင်း စသည့် လူ့အဖွဲ့ အစည်း၏ ဓလေ့ထုံးစံ၊ ခံယူချက်သဘောထားနှင့် ကျင့်သုံးမှုများကို ပြောင်းလဲစေရန် လူထုအခြေပြု အသိပညာပေးမှုအစီအစဉ်များကို ဆောင်ရွက်ရန်။

(၄) အမျိုးသမီးငယ်ရွယ်များ ရရှိခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများကို သတင်းမီဒီယာများအား အသိပညာပေးမှုအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရန်။

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) အမျိုးသမီးငယ်ရွယ်များ၏ ပညာရေး၊ အခြေခံကျန်းမာရေး၊ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် အခွင့်အရေးနှင့်ရပိုင်ခွင့်များကို မြှင့်တင်ရန် လက်ထပ်ထိမ်းမြားခြင်းပြုရန် သတ်မှတ်ထားသည့် အသက်အရွယ်၊ ကလေးသူငယ်များအား ပြည့်တန်ဆာ ပြုခြင်း၊ အမျိုးသမီးငယ်ရွယ်များအား လူကုန်ကူးခြင်း စသည့် အမျိုးသမီးငယ်ရွယ်များကို အကာအကွယ်ပေးသည့် ဥပဒေများကို လေးစားလိုက်နာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပံ့ပိုးကူညီမှုဖြင့် လက်တွေ့ကျကျ ဦးတည်ဆောင်ရွက်ခြင်း။

(၂) အမျိုးသမီးငယ်ရွယ်များ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များ အပြည့်အဝခံစားရရှိရေးကို ရှေးရှုသော လူထုအခြေပြုလှုပ်ရှားမှုများကို လူထုပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် လုပ်ဆောင်ခြင်း။

(၃) ယနီဇ္ဇူ၊ ယျူဃ နှင့် သက်ဆိုင်ရာနိုင်ငံတကာသဘောတူညီချက်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(၄) အမျိုးသမီးငယ်ရွယ်များ ရရှိခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများကို သတင်းမီဒီယာများတွင် ထည့်သွင်းဖော်ပြမှု တိုးမြှင့်ရေးအတွက် ဆောင်ရွက်ခြင်း။

(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း

(၁) ရည်ညွှန်းပါလုပ်ငန်းစီမံချက်အတွက် နှစ်အလိုက်လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်းအရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်။

2. Implement awareness raising activities for the general public on girls' rights.

3. Implement community-based awareness raising activities to reduce and eliminate customs, superstitions and beliefs that are obstacles to girls' advancement, that promote child marriage, and that discourage girls from accessing education.

4. Implement awareness raising activities for media professionals so as to understand girls' rights.

c. Implementation

1. Practical initiatives supported by designated focal Ministries to promote girls' right to education, basic health, sexual and reproductive health including the minimum age of marriage, anti-child prostitution and anti-trafficking of girls; and to respect laws that protect girls' rights.

2. Implement community-based actions to fulfil girls' rights through participatory approaches.

3. Effectively implement CEDAW, the UN Convention on the Rights of the Child and other international conventions.

4. Promote the rights of the Girl Child in the media with increased frequency.

(၂) အမျိုးသမီးငယ်ရွယ်များ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို အပြည့်အဝရရှိခံစားနိုင်စေရန် CEDAW၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များတို့နှင့်ကိုက်ညီသည့် ဥပဒေများ၊ မူဝါဒများကို ပြန်လည်၍ သုံးသပ်ချမှတ်အကောင်အထည်ဖော်ရန်။

(၃) ၎င်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပိုမိုပါဝင် လာနိုင်စေရေး ဆောင်ရွက်ရန်။

**စီမံချက်ကာလ**

၁၉။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) ကို ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိသတ်မှတ်၍ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ နှစ်အလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ပါမည်။

**အရင်းအမြစ်များ**

၂၀။ NSPAW ကို အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အလှူရှင်များ ထည့်ဝင်သောငွေကြေး၊ နည်းပညာအကူအညီ၊ ပစ္စည်းအကူအညီများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

**ဘဏ္ဍာငွေ (ဘတ်ဂျက်)**

၂၁။ နှစ်အလိုက် လိုအပ်သောဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်းအရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကျခံသုံးစွဲရန် ဖြစ်ပါသည်။

**စီမံခန့်ခွဲရေးကော်မတီ**

၂၂။ NSPAW ဆယ်နှစ်စီမံကိန်း စီမံခန့်ခွဲရေးကော်မတီကို မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ (MNCWA) ၏လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။ ၎င်းစီမံခန့်ခွဲမှုကော်မတီမှ NSPAW ကို ရည်ညွှန်းသည့် လုပ်ငန်းတာဝန်များကို ရေးဆွဲသွားပါမည်။

၂၃။ အဓိကဦးစားပေးနယ်ပယ်တစ်ခုချင်းစီအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ နယ်ပယ်အလိုက် အသီးသီးလုပ်ဆောင်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များပါဝင်သော ဆပ်ကော်မတီ များ ဖွဲ့စည်းသွားမည်ဖြစ်သည်။ ဆပ်ကော်မတီများ၏ NSPAW ကို ရည်ညွှန်းသည့် လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ရေးဆွဲမည်။ NSPAWကို အကောင်အထည်ဖော်ဆောင်ရွက်နေသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိတို့ပါဝင်ဆောင်ရွက်နေသော အဓိကဦးစားပေးနယ်ပယ်များအားလုံးကို ဆက်စပ်ညီညွတ်မှုရှိစေရန်နှင့် ကြီးကြပ်

d. Budget and Policy Making

1. Allocation of budget, human and material resources to the above-mentioned activities by all stakeholders including Government and non Government organizations.

2. Review, development and application of laws and policies related to the rights of the Girl Child and in accordance with CEDAW, the Beijing Platform for Action and the Millennium Goals.

3. Increase in participation of women in the development and implementation of these policies.

**Timeframe**

19. The 10 year National Strategic Plan for the Advancement of Women covers the period 2013-2022 and an Operational Plan, and action plans will be developed and implemented according to the calendar year.

**Resources**

20. The National Strategic Plan for the Advancement of Women will be implemented by Government agencies, National and International non-Governmental organizations, UN agencies, private agencies, Civil Society Organizations and individual donors through the contribution of financial, technical and material assistance.

**Funds (Budget)**

21. Respective Ministries will propose required budgets to the Union Government.

**Management Committee**

22. A 10 year National Strategic Plan for the Advancement of Women Management Committee will be established under the guidance of the Myanmar National Committee on Women's Affairs (MNCWA). The NSPAW Management Committee will develop Terms of Reference related to its role and NSPAW.

စစ်ဆေးသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနတစ်ခုချင်းစီတွင် တာဝန်ပေးအပ်ထားသောသူ အနည်းဆုံး တစ်ဦး သတ်မှတ်ထားရှိရမည်။

**အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

၂၄။ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆက်စပ်ညှိနှိုင်းခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်သည်။ –

(က) NSPAWစီမံခန့်ခွဲမှုကော်မတီသည် အဓိကဦးစားပေးနယ်ပယ် (၁၂) ရပ်မှ တစ်ခုချင်းစီ၏ လုပ်ငန်းအဖွဲ့များ/အထူးတာဝန်ရှိသောအဖွဲ့များမှ ရေးဆွဲထားသော နည်းဗျူဟာဆိုင်ရာမူဝါဒများ၊ အစီအစဉ်များနှင့် ဥပဒေပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခြင်းများကို ဆက်စပ်ညှိနှိုင်းလျက် အကောင်အထည် ဖော်ရန် (၅) နှစ်ကာလလုပ်ငန်းဆောင်ရွက်မှုအစီအစဉ် (5 Years Operational Plan) ကို ရေးဆွဲမည်။ ထိုလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ကို ပုံမှန်ပြန်လည်သုံးသပ်စစ်ဆေးပြင်ဆင်ရမည် (ဥပမာ – (၆) လ တစ်ကြိမ်)။ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်သည် သက်ဆိုင်ရာအစိုးရ၏ အမျိုးသားအဆင့် စီမံကိန်းများဖြစ်သော အမျိုးသားအဆင့်ကျန်းမာရေးစီမံကိန်း၊ မဟာဗျူဟာကျသော မျိုးဆက်ပွား ကျန်းမာရေး အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းနှင့် ကလေးသူငယ်ဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း စီမံကိန်း စသည်တို့နှင့် ချိတ်ဆက်ရမည်။

(ခ) နိုင်ငံတော်အဆင့်မှ တိုင်းနှင့်ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်နှင့် အောက်ခြေစီမံခန့်ခွဲမှုအဆင့်အထိ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာဖွဲ့စည်းပုံများနှင့် လည်ပတ်လုပ်ဆောင်မှုများကို လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်၌ တိကျစွာဖော်ပြရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်၏ အကျိုးရလဒ်များသည် အထူးသဖြင့် မူဝါဒရေးဆွဲခြင်း၊ ဥပဒေ ပြန်လည်ပြင်ဆင်ပြောင်းလဲပြဋ္ဌာန်းခြင်းနှင့် ဥပဒေအား လေးစားလိုက်နာမှုရှိစေရန် ဆောင်ရွက်ခြင်းတို့ ပါဝင်ပတ်သက်နေသဖြင့် လွှတ်တော်နှင့် တရားစီရင်ရေးဆိုင်ရာတို့၏ အခန်းကဏ္ဍတို့ကို လုပ်ငန်း ဆောင်ရွက်မှုအစီအစဉ်တွင် သတ်မှတ်ဖော်ပြရမည်။

(ဃ) လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ကာလတစ်လျှောက်လုံးအတွက် အရင်းအမြစ်သတ်မှတ်လျာထားမှု အစီအစဉ်ရေးဆွဲရာတွင် အစိုးရမှလျာထားသတ်မှတ်သော ပမာဏကို ဖော်ပြရန် လိုအပ်သကဲ့သို့

23. For each of the Priority Areas, sub-committees will be established comprising focal Ministries and other stakeholders working in different sectors. Terms of Reference for each sub-committee related to NSPAW will be established. In the Ministries involved in the implementation of NSPAW, at least one focal person will be designated to coordinate and monitor work on all the priority areas that specific Ministry is engaged in.

**Implementation**

24. Cooperation and coordination will take place as follows:

    a. The Management Committee for NSPAW will develop a 5 year Operational Plan to coordinate and prioritise the implementation of strategic policies, plans and legislative reforms developed by the Working Group/Task forces for each of the 12 Priority Areas. The Operational Plan will be reviewed and revised on a regular basis. e.g. every 6 months. The Operational Plan will be linked to respective Government National Plans such as the National Health Plan, the National Strategic Plan for Reproductive Health and the National Action Plan for Children etc.

    b. The Operational Plan will identify the structures and mechanisms for the management and implementation of the Plan at all levels: from National to State/Region, to township and lower administrative levels.

    c. The Operational Plan will define the role of the Parliament and Judiciary in implementation, particularly since the results/outcomes of the Plan involve policy making, legislative reforms and law enforcement.

    d. A Resource Allocation Plan will be developed for the entire duration of the Operational Plan, the amount earmarked by the Government should be known, and the amount sought from donors and other stakeholders identified.

e. The Management Committee for NSPAW, under the guidance of the Myanmar National Committee on Women's Affairs (MNCWA), will take responsibility for the timely implementation, quality assurance, monitoring and annual reporting on the NSPAW to the Cabinet of the President's Office.

f. Operationalising the NSPAW will involve the development of partnerships and coordinating mechanisms that are inclusive of a broad range of stakeholders including Government agencies, National and International non-Governmental organizations, UN agencies, Civil Society Organizations, working groups and private agencies. The equitable representation of both women and men will be a key feature of these partnerships.

**Monitoring, Evaluation and Reporting**

25. The Management Committee for NSPAW will review progress towards the objectives of NSPAW and the extent to which efforts are leading towards meeting anticipated outcomes according to the core indicators. The monitoring framework, including data collection mechanisms, will be reviewed annually and will continue to be developed and refined. Reporting guidelines and timelines will be developed by the Management Committee for NSPAW.

**Conclusion**

26. Myanmar became a signatory to the Convention on the Elimination of All forms of Discrimination against Women in July 1997. The initial report was submitted in June 1999 and the combined second and third report was submitted in July 2007. Being a member country of the Beijing Declaration, the development and advancement of Myanmar women and girls is continually being improved.

အလှူရှင်များနှင့် ပါဝင်ဆောင်ရွက်ပံ့ပိုးကြသော အဖွဲ့အစည်းများမှ ထည့်ဝင်မည့်ပမာဏကိုလည်း ထုတ်ဖော်တင်ပြရမည်။

(င) NSPAW စီမံခန့်ခွဲမှုကော်မတီသည် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ (MNCWA) ၏လမ်းညွှန်မှုဖြင့် လုပ်ငန်းများ အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ အရည်အသွေးပြည့်မီကောင်းမွန်စေရန် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်နှင့် အစိုးရအဖွဲ့သို့ NSPAW နှစ်စဉ်အစီရင်ခံစာ ပေးပို့ရန် တာဝန်ယူဆောင်ရွက်ရမည်။

(စ) ကို အကောင်အထည်ဖော်ရာတွင် တိုးတက်လာသော ပူးပေါင်းဆောင်ရွက်ခြင်းများ၊ ကဏ္ဍအစုံမှ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းအဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများပါဝင်၍ ညှိနှိုင်းလုပ်ဆောင်ခြင်းများဖြင့် ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက် ရာတွင် အမျိုးသမီးများရော အမျိုးသားများပါ တူညီစွာ ကိုယ်စားပြုပါဝင်ခြင်းသည် အဓိကကျသော သွင်ပြင်တစ်ခု ဖြစ်ရမည်။

**စောင့်ကြပ်ကြည့်ရှုခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် အစီရင်ခံစာတင်ပြခြင်း**

၂၅။ NSPAW စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီမှ NSPAW ရည်ရွယ်ချက်များအတိုင်း တိုးတက်အောင်မြင်မှု ရှိ/မရှိနှင့် မည်သည့်အားထုတ်လုပ်ဆောင်မှုများသည် မျှော်မှန်းထားသောရလဒ်များဆီသို့ မည်မျှရောက်ရှိနေသည်ကို သတ်မှတ်ထားသော အညွှန်းကိန်းများအရ ပြန်လည်သုံးသပ်မည်ဖြစ်သည်။ အချက်အလက်ကောက်ယူစုဆောင်းမှု လုပ်ထုံးလုပ်နည်းများအပါအဝင် စောင့်ကြပ်ကြည့်ရှုခြင်းစနစ်ကို နှစ်စဉ်ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်သလို ပြန်လည်ပြုပြင်မွမ်းမံခြင်းကိုလည်း လုပ်ဆောင်သွားမည်။ သတင်းပို့အစီရင်ခံမှုအတွက် လမ်းညွှန်ချက်များနှင့် အစီရင်ခံစာပေးပို့ရမည့်အချိန်ကာလကို NSPAW ၏ စီမံကွပ်ကဲမှုလုပ်ငန်းကော်မတီမှ ချမှတ်ပေးမည်။

**နိဂုံး**

၂၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လတွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCEDAW) ကို လက်မှတ်ရေး ထိုးခဲ့ပါသည်။ ကနဦးအစီရင်ခံစာကို ၁၉၉၉ ခုနှစ်၊ ဇွန်လတွင် တင်သွင်းခဲ့ပြီး ဒုတိယနှင့် တတိယအကြိမ် ပူးပေါင်းအစီရင်ခံစာကို ၂၀၀၇ ခုနှစ်၊ ဇူလိုင်လတွင် တင်သွင်းခဲ့သည်။ ထို့အပြင် ဘေဂျင်းကြေညာစာတမ်း၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ မြန်မာအမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် အားပေးမြှင့်တင်လျက်ရှိပါသည်။

27. The National Strategic Plan for the Advancement of Women (NSPAW) 2013-2022 is based on international conventions, laws, standards and strategies such as CEDAW, the Beijing Platform for Action and the Millennium Development Goals. The Plan will be implemented successfully in coordination and cooperation with the Government, National and International non-Governmental organizations, UN agencies, Civil Society Organizations and private agencies.

၂၇။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃ –၂၀၂၂) သည် ဃနီဗွာ၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ စသော နိုင်ငံတကာ တရားဝင်သဘောတူစာချုပ်များ၊ ဥပဒေများ၊ စံနှုန်းများ၊ နည်းဗျူဟာများအပေါ် အခြေခံထားသည်။ ဤစီမံချက်ကို နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင် ရွက်မှုဖြင့် အောင်မြင်စွာအကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။